စကားဝိုင်း ဆွေးနွေးပွဲ စာစောင်

၂
အမှတ်

ဖက်ဒရယ်စနစ် သန္ဓေတည်ဖို့

ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေအကောင်အထည်ဖော်စို့

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ သမိုင်းကြောင်း နောက်ခံကွဲပြားသည့် တိုင်းရင်းသူ အမျိုးသမီးအဖွဲ့အစည်းပေါင်း ၁၃ ဖွဲ့ဖြင့် ဖွဲ့စည်းထားသည်။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာ လ ၉ ရက်နေ့တွင် တည်ထောင်ဖွဲ့စည်းခဲ့သည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အမျိုးသမီးများ၏ ဘဝအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် အရည်အချင်း ပြည့်ဝစေရေးအတွက်သာမက အရည်အချင်းမြှင့်တင်ခြင်း၊ စည်းရုံးချဉ်းကပ်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများမှတဆင့် ဒီမိုကရေစီလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အပါအဝင် ကဏ္ဍအားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင်လုပ်ကိုင်လာစေရေးအတွက် ဦးတည်ဆောက်ရွက်လျှက်ရှိသည်။

ရည်ရွယ်ချက်များ

- အမျိုးသမီးများ စွမ်းရည်မြင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး
- ကျား/မ တန်းတူရေး
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုအားလုံး ပပျောက်ရေး
- လူမှုကဏ္ဍအသီးသီးနှင့် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင် အမျိုးသမီးများပါဝင်လာရေး
- ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရေး

ဦးဆောင်စီစဉ်ကျင်းပသည့် အဖွဲ့

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

ဦးဆောင်ပံ့ပိုးသူ

လွှေးပိုးငယ်

တွဲဖက်အထွေထွေအတွင်းရေးမှူး(၂)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

ရက်စွဲ

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ၊ ၃၀ ရက်နေ့

အချိန်

ညနေ ၇း၀၀ - ၈း၃၀ (မြန်မာစံတော်ချိန်)

ဦးဆောင်ဆွေးနွေးသည့် ခေါင်းဆောင်များ

ဦးအောင်ထူး

ဥပဒေအထောက်အကူပြု ကွန်ရက်တည်ထောင်သူ

ဖက်ဒရယ်ဥပဒေ အကယ်ဒမီ ကျောင်းအုပ်ကြီး

နော်ဖောဝါး

LAIN နည်းပညာအထောက်အကူပြုအဖွဲ့ ဒါရိုက်တာ

ကရင်နီပြည်နယ် ဖွဲ့စည်းပုံမူကြမ်း ရေးဆွဲရေးကော်မတီ တာဝန်ခံ

နော်မေဦး

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

နည်းပညာအကြံပေး

လွေးပိုးငယ်

တွဲဖက်အထွေထွေအတွင်းရေးမှူး(၂)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

လေးစိုးငယ်

အားလုံးပဲ မင်္ဂလာပါရှင့်။

ဖက်ဒရယ်စနစ် သန္ဓေတည်ဖို့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေက ဘယ်လောက်ထိ အရေးကြီး လဲဆိုတာကို ဆွေးနွေးနိုင်ဖို့အတွက် ဒီနေ့တွင် ပညာရှင်များကို ဖိတ်ကြားထားပါသည်။

ဒီနေ့တွင် ဆရာဦးအောင်ထူး (ဥပဒေ အထောက်အကူပြု ကွန်ရက်တည်ထောင်သူ၊ ဖက်ဒရယ်ဥ ပဒေ အကယ်ဒီမီ ကျောင်းအုပ်ကြီး)၊ ဆရာမနော်ဖောဝါး (LAIN နည်းပညာ အထောက်အကူပြုအဖွဲ့ ဒါရိုက်တာ၊ ကရင်နီပြည်နယ် ဖွဲ့စည်းပုံမူကြမ်းရေးဆွဲရေး ကော်မတီ တာဝန်ခံ) နှင့် ဆရာမနော်မေဦး (ဥပဒေပညာ ရှင်၊ ကျား-မတန်းတူရေးကို တစိုက်မတ်မတ် တောက်လျှောက်ပြောလာသူ၊ WLB နည်းပ ညာအကြံပေး) တို့ကို ဖိတ်ခေါ်ထားပါသည်။

ဤ စကားဝိုင်းကို ကြည့်ရှုနေသူ ပြည်သူလူထု နှင့် ပရိသတ်အပေါင်းတို့ကို မင်္ဂလာပါလို့ ပထမ ဦးစွာ နှုတ်ဆက်လိုပါသည်။ ကျမတို့အနေဖြင့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက် လိုတာ ဖြစ်သည့်အတွက်ကြောင့်မို့ တန်းတူရေးလို့ ပြောသည့်အခါတွင် တိုင်းရင်းသားတန်းတူရေးက လူမျိုးစုတန်း တူရေး၊ အမျိုးသမီးတန်းတူရေးပဲ ပြောပြော ပြီးပြည့်စုံသည့် တန်းတူရေးကို တစိုက်မတ် မတ်လုပ်လာသည့် အမျိုးသမီးအဖွဲ့ ဖြစ်ပါသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် ရွေးကောက်ပွဲတွင် ဝင်ပြိုင်ပြီး နိုင်ငံရေးပါတီအဖြစ် မကြေငြာထားပေမဲ့လည်း ကျမတို့ကိုယ်တိုင်က အမျိုးသမီးနိုင်ငံရေးအဖွဲ့အစည်းဖြစ် သည်ဆိုတာကို ကျမတို့ကိုယ်တိုင် ကြေငြာထားပြီး ဖြစ်သည်။ ဒါကြောင့်မို့ စတင်တည်ထောင်ကတည်းက ကျမတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် ဒီအ မျိုးသားများ နှင့် တန်းတူတော်လှန်ရေးတွင် ပါဝင်လာပြီး အရေးကြီးသည့် အခန်းကဏ္ဍတွင် အမျိုးသမီး များ၏ ခေါင်းဆောင်မှု အခန်းကဏ္ဍတွေကို မြင့်တင်နိုင်ဖို့အတွက် ဗျူဟာများကိုစဉ်းစားပြီး ဆုံးဖြတ် ချက်ချမှတ်သည့်နေရာတွင် တစိုက်မတ်မတ် ပါဝင်လာသည့် အမျိုးသမီးအဖွဲ့အစည်း ဖြစ်ပါတယ်လို့ မိတ်ဆက်ပေးချင်ပါတယ်။ ကျမတို့သည် တော်လှန်ရေးကို အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) စတင် တည်ထောင်စဥ်ကတည်းက ၁၉၉၉ ခုနှစ်ကတည်းက နှစ်ပေါင်းများစွာကတည်းက တစိုက်မတ်မတ် လုပ်ဆောင် လာခဲ့သည့် အမျိုးသမီးအဖွဲ့အစည်း ဖြစ်ပါသည်။

ဒီလိုလုပ်လာခဲ့သည့် အမျိုးသမီးအဖွဲ့အစည်းဖြစ်သည့်အတွက် ဖက်ဒရယ်ပြည်ထောင်စုဟု ပြော သည့်အခါတွင် ဘယ်လိုပြည်ထောင်စုမျိုးကို ကျမတို့ကတည်ဆောက်ချင်သလဲ ငြင်းခုံမှု၊ ဆွေးနွေးမှုတွေ အများကြီးလုပ်ခဲ့သည်။ အထူးသဖြင့် ဗမာလူမျိုးကြီးဝါဒတွေ မရှိအောင်၊ ခွဲခြားဆက်ဆံမှုတွေ မရှိအောင် အမျိုးသမီးတွေကိုဖိနှိပ်သည့် ဓလေ့ထုံးတမ်း အလေ့အကျင့် မရှိအောင် ကျမတို့က တစိုက်မတ်မတ် ပြောဆိုလာသည့် အမျိုးသမီးအဖွဲ့ဖြစ်သည်။ အားလုံးက ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မည် ပြောသော်လည်း ကျမတို့ တော်လှန်ရေးဘုံရည်မှန်းချက် တစ်ခုတည်းဖြစ်သလား၊ မဖြစ်ဘူးလား ဆိုတာ ကို ကျမတို့ကိုယ်တိုင် ဆန်းစစ်ဖို့လိုအပ်ပါသည်။ အဲ့ဒါကြောင့်မို့ ဒီနေ့တွင် ကျမတို့သည် ဖက်ဒရယ်စနစ် သန္ဓေတည်နိုင်ဖို့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်စို့ ခေါင်းစဥ်ဖြင့် ဆက်လက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဦးအောင်ထူး

ဥပဒေအထောက်အကူပြု ကွန်ရက်တည်ထောင်သူ

ဖက်ဒရယ်ဥပဒေ အကယ်ဒမီ ကျောင်းအုပ်ကြီး

မေးခွန်း ၁။ ဖက်ဒရယ်စနစ်ဆိုတာ ဘာကိုဆိုလိုတာလဲ။ ဖက်ဒရယ်စနစ်လို့ ပြောပြီဆိုလိုရှိရင် ဖက်ဒရယ် ဖွဲ့စည်းပုံ အခြေခံဥပဒေ နှင့် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဘယ်လိုကွာခြားမှုရှိလဲ။

ဦးအောင်ထူး -

ဖက်ဒရယ်စနစ်ကို နောက်မေးခွန်းများတွင် ရှင်းပြပါမည်။ အချိန်အကန့်အသတ်ကြောင့်ပါ။ ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ နှင့် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ကွာခြားတာထက် စာရင် ဘယ်လို ဆက်စပ်သလဲဆိုတာကို ရှင်းပြလိုသည်။ ဥပမာ - ကနေဒါနိုင်ငံကို ကြည့်မည်ဆိုလျှင် ဗဟို ချုပ်ကိုင်မှုများတဲ့အခြေခံကနေ ဖက်ဒရယ်နိုင်ငံ ဖြစ်လာသည်။ ဖက်ဒရယ်နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် ပြစ်မှုဆိုင်ရာဥပဒေများနှင့် ပတ်သက်ပြီးတော့ ဥပဒေပြဋ္ဌာန်းခွင့်ကို ဖက်ဒရယ်အဆင့် သီးသန့်အခွင့်အရေး (Exclusive Rights) ဆိုပြီးတော့ အပ်နှင်းထားသည်။ သို့သော် ပြည်နယ်တွေမှာ ဆိုရင် တရားမမှုများနှင့်ဆိုင်သည့် ဥပဒေကို အဓိကကျင့်သုံးသည်။ အဲ့လိုခွဲထားသည်။ လက်တွေ့ တွင် ပြစ်မှုဆိုင်ရာဖြစ်စေ၊ တရားမမှုဆိုင်ရာဖြစ်စေ ပူးတွဲအားလုံးနီးပါကို ပြည်နယ် (သို့မဟုတ်) ပြည်နယ်အတွင်းရှိ ဒေသန္တရအဆင့် တရားရုံးများတွင် စစ်ဆေးမှုပြုလုပ်သွားသည်။ ဒါသည် ကနေဒါ နိုင်ငံ၏တရားရုံးတွင် ဖက်ဒရယ်၏လည်ပတ်မှု ဖြစ်သည်။ ကနေဒါနိုင်ငံ၏ ကွိဘတ်ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သက်ဆိုင်ရာပြည်နယ်၏ ထူးခြားချက်ကို အဓိကထင်ဟတ်သည်။ ဥပမာ - ပြည်နယ်အတွင်းတွင် အာဏာများကို ဘယ်လိုခွဲဝေ ကျင့်သုံးသလဲ၊ လူတစ်ဦးချင်းအခွင့်အ ရေးတွေကို ဘယ်လိုအပ်နှင်းသလဲ၊ ရွေးကောက်ပွဲ ဘယ်လိုကျင်းပသလဲ၊ ပြည်လုံးကျွတ်ဆန္ဒခံယူ ပွဲကို ဘယ်လိုကျင်းပသလဲ။ နောက်ပြီးတော့ ကွိဘက် မှာ Charter of Human Rights in Freedom ကို ကွိဘက်ပြည်နယ်က အတည်ပြုခွင့်ရှိသည်။ ကွိဘက်၏ ထူးခြားချက်သည် ကွိဘက်တွင် ပြင်သစ်လူမျိုးများအဓိကနေထိုင်သည့်အတွက် ပြင်သစ်ရုံးသုံးဘာသာစကားကို ပြဋ္ဌာန်းခွင့်ရှိသည်။ အဲ့ဒါအပြင် ကွိဘက်၏ ထူးခြားချက်သည် အခြားဖက်ဒရယ်နိုင်ငံတွင် မတွေ့ရသည့်အချက်က ကနေဒါနိုင်ငံ၏ တရားရုံးလွှတ်တော်ချုပ်၊ အမြင့်ဆုံးတရားရုံးလွှတ်တော်ချုပ်တွင် တရားသူကြီး (၉) ဦးရှိသည့်အနက် (၃) ဦးကို ကွိဘက်ပြည်နယ်ကနေ စေလွှတ်ခွင့်ရှိသည်။ ဒါကတော့ ကနေဒါ အကြောင်းဖြစ်သည်။ နောက်ပြီးတော့ အာမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို အကျဉ်းချုပ် ပြောပါမည်။ အာမေရိကန်ပြည်ထောင်စုသည် ဖက်ဒရယ်တည်ဆောက်သည့်အခါ ကနေဒါနဲ့မတူဘူး။ သူသည် ဖက်ဒရယ်ကို အောက်ခြေပြည်နယ်တွေကနေ စတင်ပေါ်လာပါသည်။ Confederation ကနေ ဖက်ဒရယ်ပြောင်းသွားသည်။ အဲ့တော့ အမေရိကန်ပြည်ထောင်စု၏ အချုပ် အခြာဥပဒေသည် Surpreme of the Law of the Land ဖွဲ့စည်းပုံကို။ ပြင်သစ်အတွေးအခေါ် ပညာရှင် မောင်စတန့်ကျူ့ ပြောသည့် တိုင်းပြည်အာဏာကို ခွဲခြားကျင့်သုံးဖို့၊ Seperation of Power ကို ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် အညီ ကမ္ဘာမှာ ပထမဆုံး စတင်ကျင့်သုံးတာ အာမေရိကန်ပြည် ထောင်စု။ အဲ့တော့ အဲ့ဒီဖွဲ့စည်းပုံကြီးတွင် တစ်ဦးချင်းစီလွတ်လပ်မှု အခြေခံအခွင့်အရေးတွေကို အများစုပြဋ္ဌာန်းထားသည်။ အဓိကအားဖြင့် ပြင်ဆင်ချက် (၁၀) ချက်၊ ပထမဆုံး ပြင်ဆင်ချက် (၁၀)

ချက် နဲ့ အာမခံပေးထားသည်။ ပြီးတော့ ထူးထူးခြားခြား လွှတ်လပ်တဲ့စီရင်ရေးကို တရားလွှတ်တော်ချုပ်ကနေ အထပ်ထပ်ဖော်ဆောင်သည်။ နောက်ပြီးတော့ ဖက်ဒရယ်အဆင့် အခြေခံကို ကျင့်သုံးတယ်ဆိုပြီးတော့ ဖွဲ့စည်းပုံမှာအဲ့လို ပြဋ္ဌာန်းထားသည်။ အမေရိကန်ပြည်ထောင်စု နှင့် ပြည်နယ်ဖွဲ့စည်းပုံ ဘယ်လိုဆက်စပ်လဲဆိုတော့ ဆက်စပ်ပုံဆက်စပ်နည်း အမျိုးမျိုးရှိသည်။ ဥပမာ - အမေရိကန်ပြည်ထောင်စု၏ လူဝီစယားနား ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၂၆) တွင် State Soverigentiy ဆိုတာ လိုလာသည်။ အဲ့ဒါဘာလဲဆိုတော့ ပြည်နယ်တွေမှာ အချုပ်ခြာ အာဏာရပိုင်ခွင့်ရှိသည်။ ဆိုလိုတာက လွှတ်လပ်တဲ့အုပ်ချုပ်ပိုင်ခွင့်က ပြည်နယ်တွေဖြစ်တယ်ဆိုတာကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်။ အဲ့တော့ ဖက်ဒရယ်နဲ့ ဘယ်လို ဆက်စပ်လဲဆိုတော့ အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းကို ပြည်နယ်ကနေပြီး ပြည်ထောင်စုကို လွှဲလိုက်ပြီဆိုတဲ့ သဘောမျိုးကို Delegated Power အနေဖြင့် သုံးသည်။ အဲ့ဒါအမေရိကန်ပြည်ထောင်စုဖြစ်သည်။ နောက်ဆက်စပ်မှုကို ဆွီဇာလန်နိုင်ငံကို ပြောချင်တယ်။ ဆရာတို့နိုင်ငံ တိုင်းရင်းသားလူမျိုးစုတွေ အများဆုံးမျှော်မှန်းတဲ့ သဘောကျတဲ့ ဆွီဇာလန် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သူရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃) တွင် အတိအလင်းပြထားသည်။ Candon (ကန်တုန်) ဆိုပြီးတော့ The Candons are sovereign in source are an sovereignty is not limited by the constitution ဆိုပြီးသုံးထားသည်။ ဆိုလိုချင်တာကတော့ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေက ကန့်သတ်မထားသည့် အရာမှန်သမျှ Candon is an sovereign ကန်တုန်၏ အချုပ်အခြာအာဏာပိုင်သည်။ ကန်တုန်ပြည်နယ်၏ အချုပ်အခြာအာဏာပိုင်တယ်ဆိုတော့ အသိမှတ်ပြုပြီးတော့ ကန်တုန်၏ ပြည်နယ်၏ ဖွဲ့စည်းပုံမှာရေးဆွဲပြီး ပြန်လည်ကျင့်သုံးကြသည်။ အချိန်အကန့်အသတ်ကြောင့် နောက်ဆုံးတစ်ခုပြောချင်တာက ဂျာမနီနိုင်ငံ ဖြစ်သည်။ ဂျာမနီနိုင်ငံသည်လည်းပဲ ဖက်ဒရယ် နှင့် ပြည်နယ်များ အဓိကဆက်စပ်သည်။ ဘယ်မှာဆက်စပ်လဲဆိုတော့ အထက်လွှတ်တော် (ဘွန်းတက်စတွိုက်) တွင် သီးခြားရွေးချယ်တင်မြောက်ခြင်းမဟုတ်ပဲနဲ့ သက်ဆိုင်ရာပြည်နယ်တွေ ဂျာမနီမှာ လင်းဒါးလို့ ခေါ်တဲ့ (၁၆) ပြည်နယ်ရှိသည်။ အဲ့ဒီ (၁၆) ပြည်နယ်တွင် ဒီမိုကရေစီ နည်းကျ ရွေးချယ်တင်မြောက်ခံထားရသည့် အစိုးရတွေရှိသည်။ အဲ့အစိုးရတွေက ဖက်ဒရယ်၏ အထက် လွှတ်တော် ဘွန်းတက်စတွိုက်မှာ အထက်လွှတ်တော်အဖွဲ့ဝင်များအဖြစ် သွားတက်ထိုင်ပြီးတော့ အထက်လွှတ်တော်နှင့် ပြည်နယ်နှင့် တိုက်အစ်စလန်း လုပ်ထားသည်။ အဲ့လိုနည်းအားဖြင့် ဖက်ဒရယ်နှင့် ပြည်နယ် ဆက်စပ်တယ်လို့ ဖြေပါရစေ။

မေးခွန်း ၂။ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေသည် လက်ရှိတော်လှန်ရေးတွင် ဘာကြောင့်အရေးကြီးသလဲ။ တော်လှန်ရေးကိုလုပ်နိုင်ဖို့အတွက် ဖက်ဒရယ်စနစ်တည်ဆောက်နိုင်ဖို့အတွက် ဖက်ဒရယ်ဆိုတာသည် ကျမတို့နိုင်ငံရဲ့ နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်မည့် နည်းလမ်းတစ်ခုအဖြစ် ကျမတို့ယုံကြည်ထားတာ ဖြစ်သည်။ အဲ့လို ယုံကြည်မှုအပေါ်အခြေခံပြီး ဒီတော်လှန်ရေးအရွေ့အတွက် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေက ဘာကြောင့်ရှိထားသင့်သလဲ။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကလဲ ဘာကြောင့်ရှိထားသင့်သလဲ။

ဦးအောင်ထူး -

WLB က FCDCC ဖွဲ့စည်းပုံကို မမေ့သေးသည့်အတွက် ဆရာဝမ်းသာပါတယ်။ လက်တွေ့မှာ ဆရာထင်တာက WLB က FCDCC ကို မေ့ထားတာ ကြာသွားပြီ။ အခုထုတ်ဖော်ပြောသည့်အတွက် ဝမ်းသာတယ်။ WLB ကလည်း ကိုယ့်မူဝါဒကို ပြန်လည်စဉ်းစားသုံးသပ်သင့်သည်ဟု ပဏာမပြောချင်သည်။

ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေသည် လက်ရှိတော်လှန်ရေးကာလတွင် ဘာကြောင့်အရေးကြီးသလဲ။ ဘယ်လိုအရေးကြီးသလဲ။ သိပ်ကောင်းတဲ့ မေးခွန်းပဲ။ သို့သော် WLB ခေါင်းဆောင်များရော၊ ကနေ့ workshop တက်လာကြသည့် ကျနော့် မိတ်ဆွေများ နှင့် ခေါင်းဆောင်များကို စဉ်းစားစေချင်သည်။ ပြည်နယ်ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးသည့်ကိစ္စသည် အခုမှ မဟုတ်ပါဘူး။ WLB ကလဲ ပြန်စဉ်းစားကြည့်ရင် သိမှာပါ။ ကနေ့ တက်နေသည့် အမျိုးသမီးခေါင်းဆောင်ကြီး နှစ်ယောက်လဲ သတိရပါလိမ့်မယ်။ ဆရာ့လက်ထဲတွင် စာအုပ်အတိအကျရှိသည်။ အဲ့ဒါ ဘာလဲဆိုတော့ ပြည်နယ်များ၏ ဖွဲ့စည်းပုံမူကြမ်း ဖြစ်သည်။ ဒီထဲမှာရေးထားတဲ့ ခုနှစ်တွေကတော့ ၂၀၀၆ ကနေ စသည်။ ၂၀၁၇ စက်တင်ဘာလ ၁၃ မှာ နောက်ဆုံးတင်လိုက်သည်။ ၁၀ နှစ်ကျော် လုပ်ခဲ့တာကို စာအုပ်နဲ့ဖော်ပြလိုက်တာ ဖြစ်တယ်။ ဒါပေမဲ့ မေးခွန်းကိုဖြေရရင် လက်ရှိ တော်လှန်ရေးအတွက် အကျိုးရှိသလားဆိုရင် သိပ်ပြီးတော့ အကျိုးမရှိနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီစာအုပ်ထဲမှာ ပုံမှန်ကာလတွေမှာ စစ်ကောင်စီကိုတိုက်ခိုက်ပြီး ဖြုတ်ချပြီးတော့မှ လွတ်မြောက်သွားမည့်ကာလမှာ သက်ဆိုင်ရာပြည်နယ်တွေက သုံးစွဲမည့်ဖွဲ့စည်းပုံကိုသာ ရေးဆွဲထားခဲ့တာဖြစ်သောကြောင့် လက်ရှိတော်လှန်ရေးကာလမှာ အသုံးဝင်ဖို့ကတော်တော်နည်းပါမည်။ ဒါဆိုဆရာပွင့်ပွင့်လင်းလင်းဆွေးနွေးတာ ဖြစ်သည်။ ဆိုတော့ အဲ့တုန်းကအခြေအနေသည် ပြည်နယ်ကြားကာလ ဖွဲ့စည်းပုံကို ရေးဆွဲခွင့်မရခဲ့ဘူး။ သို့သော် ကနေ့ ရေးဆွဲခွင့်ရနေပြီ။ အဲ့ဒါကို အလေးအနက်ထားပြီး ပြန်စဉ်းစားစေချင်တယ်။ အဲ့တော့ စောနက လွေးပိုးငယ် ဆွေးနွေးသွားသလိုပဲ စစ်အာဏာရှင်စနစ်၊ စစ်ကောင်စီကိုတိုက်နေသည့် လက်ရှိကြားကာလမှာပဲ ဖက်ဒရယ်အဆင့်၊ ပြည်နယ်အဆင့်တွေမှာ ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေ လိုအပ်ပါတယ်။ အဲ့ဒီအခြေအနေမှ ပြည်နယ်ကြားကာလ ဖွဲ့စည်းပုံပေါ်လာလျှင် တော်လှန်ရေးအတွက် တကယ့်ကိုအကျိုးရှိပါမည်။ ဘယ်လိုအခြေအနေမျိုးတွင် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချဉ်းကပ်မလဲဆိုတော့ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်

တွင် တန်ဖိုးရှိတဲ့ ပြဋ္ဌာန်းချက်တစ်ချို့ပါရှိပါသည်။ ဥပမာအားဖြင့် ပြည်နယ်တွေမှာ အချုပ်အခြာအာဏာရှိကြောင်း အသိမှတ်ပြုခြင်းသည် သိပ်ကောင်းသည်။ ဒါသည် လူများစုကြီးပါဝင်တဲ့ အထူးသဖြင့် အဲန်အဲလ်ဒီခေါင်းဆောင်များပါတဲ့ ၂၀၂၀ ရွေးကောက်ပွဲ ရလဒ်နောက်ခံကနေပြီးတော့မှ ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ်ကို အသိမှတ်ပြုတာ ဒါသိပ်ကောင်းတယ်။ တန်ဖိုးရှိသည်။ နောက်ဥပမာတစ်ခုက မြေယာနှင့် သဘာဝသယံဇာတစီမံပိုင်ခွင့်တွင် ပြည်နယ်တွေကို အပ်နှင်းထားတာ။ သိပ်ကောင်းတယ်။ တအားကောင်းတယ်။ တခြားတစ်ချို့လဲ ရှိပါတယ်။ ဒီလိုကောင်းတဲ့ အချက်တွေရှိသည်။ သို့သော် ပြီးခဲ့သည့် ၁ နှစ်ခွဲ အတွင်းတွင် ကြားကာလဖွဲ့စည်းပုံနဲ့ မဖော်ဆောင်ဘူး။ ပြဿနာက။ ဘာနဲ့ဖော်ဆောင်လဲဆိုတော့ ကြားကာလဖွဲ့စည်းပုံဆိုင်ရာ အစီအမံ (Arrangement) ဆိုပြီး ဖော်ဆောင်သည်။ ပြန်စဉ်းစားကြည့်ပါ။ အဲ့မှာ WLB ခေါင်းဆောင်လဲပါသည်။ ပြန်စဉ်းစားစေချင်တယ်။ အဲ့တော့ မရေမရာ၊ ရှုတ်ထွေးမှုတွေ ဖြစ်ခဲ့တယ်။ သံသယတွေ ကြီးထွားခဲ့တယ်။ ကျနော့်မိတ်ဆွေ ခေါင်းဆောင်များ ပြန်စဉ်းစားကြည့်ပါ။ ကမ္ဘာမှာ အစီအမံဆိုတာမရှိဘူး။ အစီအမံဆိုတာနဲ့ တိုင်းပြည်မဏ္ဍိုင်ကြီး (၃) ရပ်ကို ကျင့်သုံးတာ ဘယ်နိုင်ငံမှာမှ မရှိဘူး။ ဆိုတော့ အစီအမံနဲ့သွားတဲ့ခါကျတော့ အရင်းခံပြဿနာတစ်ချို့ကို ဆွေးနွေးပါတယ်။ အဲ့တော့ ရှေ့နောက်ဆန့်ကျင်ဖို့လိုတဲ့အချက်တွေ ရှိတယ်။ ပဋိညာဉ်၏ ပထမမူ (First Version) တွင် အစိတ်အပိုင်း (၁) နှင့် (၂) သည် တစ်ခုနဲ့ တစ်ခု ဆန့်ကျင်သည်။ အစိတ်အပိုင်း (၁) တွင် ပြည်နယ်တွေမှာ အချုပ်အခြာရှိတယ်လို့ သုံးတယ်။ အစိတ်အပိုင်း (၂) မှာ အမျိုးသားညီညွတ်ရေးအစိုးရသည် အမျိုးသားညီညွတ်ရေးတိုင်ပင်ခံကောင်စီနဲ့ ညှိနှိုင်းပြီးတော့ ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်၊ တိုင်းဒေသကြီးအဆင့်တွေမှာ အုပ်ချုပ်ရေးအစီအမံကိစ္စတွေကို ဆောင်ရွက်ပိုင်ခွင့် ရှိသည်။ အဲ့တော့ ဒီနှစ်ခုကတော့ တစ်ခုနဲ့ တစ်ခု ဆန့်ကျင်နေသည်။ အစိတ်အပိုင်း (၁) ကို လက်ခံရင် အစိတ်အပိုင်း (၂) ကကျင့်သုံးလို့ မရဘူး။ ပြည်နယ်အုပ်ချုပ်ရေးကိစ္စသည် ဖက်ဒရယ်နဲ့ မဆိုင်ဘူး။ ရှင်းရှင်းလင်းပဲ။ အဲ့လိုဆန့်ကျင်တဲ့ကိစ္စဖြစ်တဲ့အခါကျတော့ လက်တွေ့မှာ အဲန်ယူဂျီ၏ ပြည်ထဲရေးဝန်ကြီးဌာနတွေကမှခွင့်ပြုရေး စီမံချက်များချသည်။ ပြည်နယ်အားလုံး လွှမ်းခြုံသွားသည့်အခါကျတော့ ကရင်နီပြည်နယ်မှာရှိတဲ့ KNPP (ကရင်နီအမျိုးသား တိုးတက်ရေးပါတီအဖွဲ့) က ကရင်နီအစိုးရနဲ့ ထိပ်တိုက်ပြဿနာတက်ရော။ ချက်ခြင်းကန့်ကွက်သည်။ ဒါသည် မဖြစ်သင့်ပဲဖြစ်တဲ့ ပြဿနာဖြစ်သည်။ အဲ့ဒါကို ဖြေရှင်းနိုင်ဖို့ကြိုးစားလိုက်တာနဲ့ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် ဒုတိယ မူကြမ်းပေါ်လာသည်။ Second version ၏ အစိတ်အပိုင်း (၂) အပိုဒ် (၄၃) တွင် ပြည်နယ်အဆင့်အုပ်ချုပ်ရေးစီမံချက်တွေကို ရေးဆွဲအတည်ပြု ပြဋ္ဌာန်းတယ်ဆိုတဲ့ အချက်ပြုတ်သွားသည်။ ကောင်းသည်။ ပြည်ထောင်စုအဆင့်ပဲ ကျန်သည်။ ဒါသည် ကောင်းတဲ့လက္ခဏာဖြစ်သည်။ ဖက်ဒရယ်အဆင့်မှာနေသည့် အဲန်ယူဂျီက ပြည်နယ်အုပ်ချုပ်ရေးတွေကို ဝင်စွက်ဖက်ခွင့် မရှိတော့ဘူးလို့ အဓိပ္ပါယ်သက်ရောက်သည်။ ဒါကိုကြိုဆိုသည်။ ဒါပေမဲ့ ပြဿနာတက်လာသည်။ ဖက်ဒရယ်ဒီမိုကရေစီကိစ္စရပ်တွေကို ဥပဒေကြောင်းရပ်ကနေ ချဉ်းကပ်သည်။ ပဋိညာဉ်ဆိုပြီးတော့မှ မရေမရာတဲ့ဘက်ကနေသွားချဉ်းကပ်တော့ အဲ့ဒီမှာစပြီး ဥပဒေပြဿနာတက်သည်။ ဥပဒေကြောင်းကနေချဉ်းကပ်ရင် ရှေ့ကတစ်ခုရှိခဲ့တာကို နောက်ကတစ်ခုထပ်ပေါ်လာမယ်ဆိုရင် နောက်ကတစ်ခုမှာ

ရှေ့ကတစ်ခုဖျက်လိုက်ပြီဆိုတာကို အတိအလင်းရေးရသည်။ အဲ့တော့ ၁၉၅၃ ပြည်နယ်ဥပဒေတည်ရှိခဲ့တာကို ၂၀၁၀ ဥပဒေက ဖျက်လိုက်ပြီ ဆိုတာကို အတိအလင်းရေးရသည်။ ဒါသည် ဥပဒေသဘာဝဖြစ်သည်။ သို့သော် ဆရာက ဒုတိယမူကြမ်းကို သေချာကြည့်သည့်အခါ ပထမမူကြမ်းကို ဖျက်လိုက်ပြီဆိုတာ မပါဘူး။ ပြဿနာကြီးကြီးပဲ။ အခုချိန်မှာမဖျက်သိမ်းပဲ တစ်ချိန်ချိန် ဖက်ဒရယ်အစိုးရက ပထမမူကြမ်းကို ပြန်လည်ကျင့်သုံးလို့ရမယ်ဆိုရင် ခင်ဗျားဘယ်လို ငြင်းလို့ရမလဲ။ ဒါက မရေရာတဲ့ဟာကို **ပထမ သာဓက** ဖြစ်သည်။ **ဒုတိယ သာဓက** ကတော့ ပြည်ထောင်စုကိုဘယ်လို ဖွဲ့စည်းမလဲ။ သိပ်အရေးကြီးသည်။ ဖက်ဒရယ်နိုင်ငံအတွက် အရမ်းကိုအရေးကြီးသည်။ ပထဝီနဲ့ ဖွဲ့စည်းမလား။ လူမျိုးကို အခြေခံဖွဲ့စည်းမလား။ ဒေသနယ်မြေတိုးမလား။ နှစ်ခု၊ သုံးခု နဲ့ ဖွဲ့စည်းမလား၊ ပေါင်းမလား။ အဲ့တော့ FCDCC ၏ ဒုတိယ မူကြမ်းမှာတော့ဖြင့် ရှင်းရှင်းလေးပါတယ်။ အမျိုးသားပြည်နယ်နဲ့ အမျိုးသားများပြည်နယ် ပေါင်းဖွဲ့သွားမည်။ ပြဿနာက ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်မှာ ဘာမှမပါဘူး။ အဲ့အခါကျတော့ အဲန်ယူဂျီ၏ ဖက်ဒရယ်ရေးရာဝန်ကြီးမှ မကွေးပြည်ထောင်၊ ပဲခူးပြည်ထောင်၊ စစ်ကိုင်းပြည်ထောင် စပြီးတော့ ပြည်ထောင်ကိစ္စတွေ ဖြစ်လာတော့ KIO က အဖွဲ့ဝင်ပါထားတဲ့ KPICT က NUCC ကနေ နုတ်ထွက်သွားခဲ့တယ်။ KPICT အတွင်းရေးမှူး၏ အင်တာဗျူးကိုပြန်ကြည့်ပါ။ အဲ့ဒီဖက်ဒရယ်ဒီမိုကရေစီ၏ မရေရာမှုတွေကြောင့် မဖြစ်သင့်ပဲဖြစ်တဲ့ပြဿနာပဲ။ **တတိယ သာဓက** တစ်ခုကတော့ တရားစီရင်ရေးနဲ့ဆိုင်တယ် သိပ်ကိုအရေးကြီးသွားပြီ။ ဖက်ဒရယ်ပြည်ထောင်စုတိုင်း၏ အသက်သွေးကြောဖြစ်ပါတယ်။ ကျနော့် မိတ်ဆွေခေါင်းဆောင်ကြီးများ စဉ်းစားစေချင်တယ်။

တရားစီရင်ရေးနဲ့ ပတ်သက်ပြီးတော့ လက်တွေ့ပြောမည်။ ကနေ့ ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်တို့ အပါအဝင် (၄) ယောက်လုံးကို သေဒဏ်ပေးလိုက်တယ်။ ဒါတရားစီရင်ရေးနဲ့ ၁၀၀ ရာခိုင်နှုန်းဆိုင်သည်။ ဆိုတော့ သေဒဏ်စီရင်ပိုင်ခွင့်အာဏာကို ပြည်ထောင်စုအဆင့်မှာ ထားမလား။ ပြည်နယ်တွေမှာ ထားမလား။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်က ဘာမှကိုမချဉ်းကပ်တာ။ အစအဆုံး အကုန်လုံးပြန်ကြည့်ပါ။ မူနှစ်ခုလုံးကိုပြန်ကြည့်ပါ။ ကနေ့ အကုန်လုံးစဉ်းစားလာကြတယ်။ ဗဟိုအစိုးရက လုံးဝကို ချုပ်ကိုင် ထားတယ်။ ဗဟိုမှာနေပြီးတော့မှ အကုန်လုံးကိုသေဒဏ်ပေးတယ်။ သေဒဏ်စီရင်ပိုင်ခွင့်အာဏာကို ပြည်နယ်တွေမှာထားရှိသင့်တယ်။ ဆိုတော့ စဉ်းစားချက်တွေ

> ဖက်ဒရယ်ပြည်ထောင်စုတိုင်း၏ အသက်သွေးကြောသည် တရားစီရင်ရေးဖြစ်သည်။ ဒါပေမဲ့ အခု ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်၏ ဒုတိယအပိုင်းဖြစ်တဲ့ အစီအမံဆိုတဲ့အထဲမှာ ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကို ဘယ်လိုဖွဲ့စည်းမလဲဆိုတာကို လုံးဝမပါဘူး။ ဆိုတော့ ကြားကာလအတော်အတွင်းမှာ ပြည်နယ်အချင်းချင်းကြားထဲမှာ ပြဿနာဖြစ်ခဲ့သော်၊ ဒါမှမဟုတ် ဖက်ဒရယ်အဆင့်မှာရှိတဲ့ အဲန်ယူဂျီအစိုးရနဲ့ ပြည်နယ်အစိုးရကြားထဲတွင် ပြဿနာဖြစ်ခဲ့သော် ဘာနဲ့သွားဖြေရှင်းမလဲ။ ညှိနှိုင်းမှုမရခဲ့လျှင် ဘာနဲ့သွားဖြေရှင်းမလဲ။ ဘယ်သူက ဖြေရှင်းမလဲ။ ဆိုတော့ **Enforcement Body** မရှိတော့ဘူး။ ပြဿနာကြီးကြီးပဲ။

ပိုပြီးအားကောင်းလာတယ်။ သို့သော် လည်း ဖက်ဒရယ်ဒီမိုကရေစီပဋိညာဥ်မှာ ဒီအချက်တွေပါမလာဘူး။ ဆိုတော့ အဲ့အချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ တိုင်းရင်းသားပြည်နယ်တွေမှာ အချုပ်အခြာ ကျင့်သုံးတဲ့အခြေခံကနေ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ အမြန်ပေါ်လာမယ်ဆိုရင်တော့ဖြင့် တော်လှန်ရေးအတွက် တကယ့်ကို ထိရောက်အကျိုးရှိလိမ့်မည်လို့ တင်ပြချင်ပါတယ်။

မေးခွန်း ၃။ ကျမတို့ တော်လှန်ရေးအောင်မြင်ဖို့အတွက် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေက အရေးကြီး သလို ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေသည်လည်း အရေးကြီးပါတယ်။ ပြည်နယ်များရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမရှိဘူးဆိုရင် တကယ့်တကယ်လက်တွေ့မှာ ဖက်ဒရယ်စနစ်ကို အကောင်အထည် ဖော်နိုင်ဖို့ အခက်အခဲဖြစ်စေတယ်။ ကျမတို့နိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် အဲန်အဲလ်ဒီလက်ထပ်ကတည်းက (၅) နှစ်တာ အုပ်ချုပ်သည့်ကာလတွင် ဖက်ဒရယ်အတုအယောင်တွေလုပ်ခဲ့တဲ့ အနေအထားမှာရှိခဲ့တယ်။ ကျမတို့နိုင်ငံမှာ တကယ့် တကယ်ဖက်ဒရယ်ပြည်ထောင်စုစနစ် ပေါ်ပေါက်နိုင်ဖို့အတွက် ပြည်နယ်တွေရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရှိရမည့် အနေအထားမှာ ရှိရပါမယ်။ ကရင်နီပြည်နယ်ဆိုရင် သူ့ဟာနဲ့သူ စနေတဲ့အနေအထားမှာ ရှိတယ်။ ကရင်တွေလဲ ကရင်တွေအစုအဖွဲ့ကနေ သူ့ဟာနဲ့သူ စနေတဲ့အနေအထားမှာ ရှိနေတယ်။ ဒါပေမဲ့ တော်လှန်ရေး အရှေ့အားကောင်းနိုင်ဖို့အတွက် ပြည်နယ်တွေတိုင်းက ဘာတွေကိုလုပ်ဆောင်သင့်သလဲ။ ခုနဆရာမ နော်မေဦးပြောသလိုပဲ ဗမာတိုင်းရင်းသားတွေက ဘယ်လိုစဉ်းစားချက်တွေနဲ့ ဘယ်လိုစတင်အကောင်အထည်ဖော်ဖို့ လိုအပ်သလဲဆိုတာ ကျမတို့ကို ဆွေးနွေးပေးဖို့ဖိတ်ခေါ်လိုပါတယ်။

ဦးအောင်ထူး -

မြန်မာတိုင်းရင်းသားတွေက နော်မေဦးပြောတာနဲ့ဆက်စပ်ပြီး ရာနှုန်းပြည့်သေချာတာပေါ့။ မြန်မာတိုင်းရင်းသားတွေမှာ လုံးဝတာဝန်ရှိတယ်။ မြန်မာပြည်နယ် ဖွဲ့စည်းပေါ်ပေါက်လာရေး။

ဆရာကတော့ ဒီနေရာမှာ ဗမာလို့မသုံးဘူး။ မြန်မာလို့သုံးတယ်။ ဘာကြောင့်လဲ ဆရာလဲ မြန်မာ လူမျိုးတစ်ယောက် ဖြစ်တယ်။ ဆိုတော့ မြန်လဲမြန်၍ မာလဲမာသော လူမျိုး။ မြစေတီကျောက်စာ ခေတ်ကတည်းက မြန်မာစာသုံးနှုန်း ထားတယ်။ အဲ့ဒါတွေကြောင့် တို့က မြန်မာလို့လက်ခံထားတယ်။ မြန်မာဘုရင်ပဲရှိတယ်။ ဗမာဘုရင်မရှိဘူး။ ဒါ ဆက်စပ်မိလို့ပြောပြတာပါ။ ဒါကြောင့်မို့ ဆရာက မြန်မာပြည်နယ်လို့သုံးပါတယ်။

နောက်တစ်ခုက WLB ၏ တွဲဖက်အထွေထွေအတွင်းရေးမှူး ပြောသွားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများ နှင့် ပတ်သက်ပြီးတော့ NUCC, NUG, CRPH တို့ပဲ စဉ်းစားရမှာမဟုတ်ဘူး။ တစ်ဦးတစ်ယောက်ချင်းစီလဲ စဉ်းစားရမယ် ဆိုသည့်စကားသည် ယေဘုယျအားဖြင့် သိပ့်ကိုမှန်သည်။ ဒါဆရာတို့ ငြင်းစရာအကြောင်းမရှိဘူး။ သို့သော် တကယ်လို့သာ ဒီကနေ့အချိန်မှာ၊ လောလောဆယ်မှာ၊ စစ်ကောင်စီကိုဆန့်ကျင်တဲ့အချိန် မှာ NLD, CRPH, NUG, NUCC တို့ဟာ စစ်ကောင်စီကို

တိုက်နေရင်းနဲ့ မှန်ကန်တဲ့ဖက်ဒရယ်လမ်းကြောင်းကို လက်တွေ့တည်ဆောက်မယ်ဆိုရင် တော်လှန်ရေးက သေချာပေါက်အောင်လိမ့်မည်လို့ ဆရာက အဲ့လိုပြောချင်တယ်။ အဲ့တော့ အဲ့အခြေခံက နေပြီးတော့မှ လွေးပိုးငယ် ကိုယ်တိုင်စဉ်းစားသင့်တာက ခုန နော်ဖောဝါး ထောက်ပြတဲ့အချက် "ပါးစပ်ကပဲ လက်တွေ့မပါဘူး။ ဖက်ဒရယ်ပြည်ထောင်စု၏ sense ကို ပြည်ထောင်စုအဆင့်က ပေးလိုက်မယ်ဆိုရင်... သူက လက်တွေ့ကိုမပြောရဲဘူး။ ဆရာကပြောရဲတယ်။

> **မြန်မာပြည်နယ် ဖွဲ့စည်းပုံပေါ်ပေါက်လာဖို့က လုံးဝလုပ်သင့် တယ်။ မြန်မာတွေမှာတာဝန်ရှိတယ်။ မဟုတ်ဘူးဆိုရင် တိုင်းရင်းသားများတောင်းဆိုနေကြတဲ့ အမျိုးသားတာန်းတူရေး ဘယ်တော့မှရှာလို့မရနိုင်တော့ဘူး။**

ဥပမာဆိုရင် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်မှာ ခင်ဗျား အစီအမံဆိုတဲ့စကားလုံးကို သုံးထားတယ်။ အစီအမံဆို တာ ဖွဲ့စည်းပုံအခြေခံဥပဒေ မဟုတ်ဘူး။ အစီအမံမှာ ဘာပါဝါမှမရှိဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝါရှိတယ်လို့ ဘယ်လောက်ပဲ ပြောနေပြောနေ ကရင်နီပြည်နယ်မှာ ရှိတဲ့ ခေါင်းဆောင်တွေက နားလည်သဘောပေါက်ကောင်း ပေါက်လိမ့်မယ်။ ပေါက်ကြလာလိမ့်မယ်။ လက်တွေ့ကြတော့ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်မှာ အစီအမံသုံးထားသည်။ ကရင်နီမှာလဲ ကရင်နီ၏ဖွဲ့စည်းပုံကို အစီအမံနဲ့ ဆက်သွားနေမယ်ဆိုရင် ကျော်ရခက်သည်။ အခုချက်ခြင်းချမှတ်ကြည့်ပါ။ အစီအမံဆိုသည့် စကားလုံးသည် ငါတို့ အင်မတန်ပါဝါရှိသည့် ဖွဲ့စည်းပုံအဆင့်ကို တက်တော့မယ်၊ ကြားကာလ ဖက်ဒရယ်အခြေခံဖွဲ့စည်းပုံ ရေးတော့မယ်၊ ပြည်နယ်တွေမှာလဲ ပြည်နယ်ကြားကာလဖွဲ့စည်းပုံ အခြေခံဥပဒေရေးပါလို့ အခုလောလောဆယ် နိုင်ငံရေးအရ တာဝန်ရှိနေသည့် ပုဂ္ဂိုလ်များ တညီတ ညွတ်ထဲပြောလိုက်။ ပြည်နယ်တွေမှာ ပြိုင်တက်လာကြမယ်။ အဲ့ဘက်နေပြီးတော့မှ WLB က ခေါင်းဆောင်များ NUCC မှာ ပါနေကြတယ်။ ခင်ဗျားတို့ကိုယ်တိုင် စဉ်းစားဖို့အချိန်ရောက်လာပြီ။ ဘာကြောင့် အဲ့ဒါကြီးကိုရှေ့နေရမှာလဲ။ လူတိုင်းမှာတာဝန်ရှိတယ် သို့သော် သူတို့မှာပိုတာဝန်ရှိတယ်။ လူထုက တခဲနက်ထောက်ခံ တာ။ အများစု ထောက်ခံနေကြတယ်။ လှူလိုက်ကြတဲ့ငွေတွေ နည်းတာမဟုတ်ဘူး။ ဘာဖြစ်လို့ ခင်ဗျားက အစီအမံလို့တပ်နေတာလဲ။ ဘာအကြောင်းရှိလဲ။ ဆရာမြင်တာ ဘာအကြောင်းမှမတွေ့ရဘူး။ ဒါကို ပဏာမ ဆွေးနွေးပါရစေ။

ကယ်အခု ခုနကမေးခွန်းကို ဖြေပါမယ်။ အာဏာခွဲဝေတာနဲ့ ပတ်သက်ပြီးတော့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘယ်လိုထည့်သွင်းမလဲ စဉ်းစားမယ်။ အရင်ဆုံးစဉ်းစားရမှာက ဆရာတို့ တိုင်းပြည်က သင့်တော်တဲ့ဖက်ဒရယ်စနစ်က ဘယ်လိုဖက်ဒရယ်စနစ်မျိုးလဲ။ အဲ့တော့ ပြည်နယ်တွေမှာ အချုပ်အချာအာဏာရှိတဲ့ ဖက်ဒရယ်စနစ်ကို ကျင့်သုံးမလား၊ မကျင့်သုံးဘူးလား။ ဒါနဲ့ပဲ ဆိုင်သွားတယ်။ ကျနော့်အနေဖြင့် ရိုးရိုးပြောရမယ်ဆိုရင် ကျင့်သုံးသင့်တယ်လို့ ယုံကြည်တယ်။ အချက် (၃) ချက်နဲ့ပဲ ပြောချင်တယ်။

(၁) သမိုင်းကြောင်းမှာ နှစ်ပေါင်းရာထောင်ချီ သမိုင်းကြောင်းနောက်ခံကို ပြန်ကြည့်ရင် မြန်မာမဟုတ်သော တိုင်းရင်းသားပြည်နယ်တွေသည် သူ့ဟာနဲ့သူ တိုင်းပြည်နိုင်ငံအဆင့် တည်ဆောက်တဲ့အဆင့်ကို ရောက်ချင်မှရောက်မယ်။ သမိုင်းကြောင်းမှာ သူ့နယ်မြေ၊ သူ့ဒေသ၊ သူ့အကြီးအကဲနဲ့ လွတ်လပ်စွာတည်ခဲ့ကြတယ်။ ဒါအားလုံးလို့ ပြောလို့ရတယ်။ တိုင်းရင်းသား အားလုံးသည် သူ့သမိုင်းကြောင်းနဲ့သူ ရှိခဲ့ကြတယ်။ ထင်ရှားဆုံး သာဓကပြောရလျှင် ကရင်နီပြည်။ ၁၉၄၇ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သွယ်ဝိုက်ပြီးတော့ ကရင်နီပြည်၏လွတ်လပ်မှုကို အသိမှတ်ပြုပေးထားသည်။ ဆိုလိုချင်တာက အချုပ်အခြာအာဏာသည် ပြည်နယ်တွေမှာ ရှိတယ်။ သမိုင်းကြောင်းအရ ကြည့်လျှင်နော်။

(၂) ပင်လုံစာချုပ်ကိုကြည့်။ ပင်လုံစာချုပ်သည် လူမျိုးနဲ့ဆက်စပ်သော်ငြားလဲ ပထဝီအခြေခံနဲ့ချုပ်သည်။ အဲ့ဒါဘာလဲဆိုတော့ ကချင်၊ ရှမ်း၊ ချင်း တို့ပါလာကြပြီးတော့ တိုင်းဒေသကြီးပါလာပြီးတော့မှ လွတ်လပ်ရေးယူခဲ့ကြတာဖြစ်တယ်။ ဒါကြောင့် ပင်လုံစာချုပ်က သူတို့ဒေသတွေမှာရှိတဲ့ အချုပ်အခြာအာဏာကို အသိမှတ်ပြုချုပ်ခဲ့တာ။ ဒီအချက် (၂) ချက်အရ တိုင်းရင်းသားပြည်နယ်တွေမှာ အချုပ်အခြာအာဏာရှိတဲ့ဖက်ဒရယ်က သွားကိုသွားရမှာဖြစ်သည်။

(၃) အဲ့ဒါမသွားပဲ ပြောင်းပြန်သွားတယ်။ တိုင်းပြည်အချုပ်အခြာအာဏာကို ဗဟိုအဆင့်မှာပဲထားသည်။ သမိုင်းဆိုးပဲ။ ၁၉၆၂ စစ်တပ်အာဏာသိမ်းပြီးကတည်းက စတင်ကျင့်သုံးလိုက်တာနှစ်ပေါင်း (၆၀) ရှိသွားပြီ။ တိုင်းပြည်အချုပ်အခြာအာဏာကို ဗဟိုအဆင့်က ကိုင်သွားလိုက်တာ။ ကျနော်တို့ ဖက်ဒရယ်ပြည်ထောင်စုကို သွားတဲ့အခါမှာ ပြည်ထောင်စုဖွဲ့စည်းပုံ ပါဝင်တဲ့ ပြည်နယ်တွေမှာ အထူးသဖြင့် တိုင်းရင်းသားပြည်နယ်တွေမှာ အချုပ်အခြာအာဏာရှိတဲ့ ဖက်ဒရယ်စနစ်ကို ကျင့်ကိုကျင့်သုံးရတော့မှာ။ ပြောင်းပြန်စဉ်းစားရတော့မှာ။ အဲ့တော့ ဒီဟာကိုလက်ခံရင် Division of Power အလုပ်မဖြစ်ဘူး။ ပထမဟာကိုလက်ခံထားလျှင် Division of Power အလုပ်မဖြစ်တော့ဘူး။ ဆိုတော့ ဖက်ဒရယ်အဆင့်နဲ့ ပြည်နယ်အဆင့်ကို ညာဘက် နဲ့ ဘယ်ဘက်လို့ သဘောထားပေးပါ။ ဖက်ဒရယ်အဆင့်က ဘယ်လောက်ယူသင့်သလဲ၊ ပြည်နယ်အဆင့်က ဘယ်လောက်ယူသင့်သလဲ ဒီလိုစဉ်းစားလို့ကို မရတော့ဘူး။ ဒါဖြင့် ဘယ်လိုစဉ်းစားရမလဲ။ Delegation of Power အာဏာကို လွှဲပြောင်းပေးအပ်လိုက်တာ။ ပြည်နယ်တွေမှာရှိတဲ့ အချုပ်အခြာအာဏာတွေနဲ့က ပြည်နယ်အားလုံး၏ အကျိုးစီးပွားအလို့ငှာ ဖက်ဒရယ်အဆင့်ကို လွှဲပြောင်းအပ်နှင်းလိုက်တာ။ Delegation of Power ၊ Transfer of Power သဘောမျိုးပဲ စဉ်းစားရတော့မယ်။ အဲ့ဒါ အခြေခံကျတယ်လို့ တင်ပြပါရစေ။

သာဓက ဆရာပြောပါမယ်။ ၁၉၆၆ ခုနှစ်တွင် ပထမဦးဆုံးတော့ တပ်ပေါင်းစုကစသည်။ ဖက်ဒရယ်ရေးဆွဲရေးဖြစ်စဉ် ၁၉၉၀ ကနေစသည်။ ၁၉၆၆ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီလို့ခေါ်တဲ့ NCUB ကနေ ပထမမူကြမ်းအဖြစ် အတည်ပြုလိုက်သည် ဖက်ဒရယ်ဖွဲ့စည်းပုံမှာ ဒီစံထားချက်ကိုသုံးထားသည်။ ဆိုလိုချင်တာက ပြည်နယ်တွေက အချုပ်အခြာအာဏာကိုပိုင်သည်။ သို့သော် ဖက်ဒရယ်တစ်ခု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်တာကြောင့် အကုန်လုံး

၁၀၀ ရာခိုင်နှုန်း အလကားမရဘူး။ Sovereignty အပြည့်အဝမရှိဘူး။ တချို့ကိစ္စရပ်တွေမှာ တရားရေးနဲ့ပတ်သက်လာလျှင် ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် အခွင့်အာဏာအပ်နှင်းရမည်။ အဲ့လို အခွင့်အာဏာအပ်နှင်းတာနဲ့ပဲ ပြည်နယ်များအားလုံး၏ အကျိုးစီးပွားအတွက်ဖြစ်သည်။ ဆိုတော့ အဲ့တုန်းကရေးဆွဲခဲ့တဲ့ ပထမမူကြမ်းတွင် ဖက်ဒရယ်တရားရုံးတွေကိုလွှဲအပ်လိုက်တဲ့ စီရင်ထုံးအာဏာ (၇) ချက်ရှိတယ်။ (၁) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုနှင့် တိုင်တန်းမှုများ။ ဒါကို ဖက်ဒရယ်ကိုလွှဲလိုက်မယ်။ (၂) ပြည်နယ်အချင်းချင်း ကြားထဲမှာ အငြင်းပွားမှု။ ပြည်နယ်အချင်းချင်းကြားထဲမှာ အငြင်းပွားတော့ ဟိုဘက်ပြည်နယ်တရားရုံးချုပ်၊ ဒီဘက်ပြည်နယ် တရားရုံးချုပ်က ဆုံးဖြတ်လို့မရဘူး။ အဲ့ကိစ္စကို ဖက်ဒရယ်ကိုလွှဲမယ်။ (၃) ပြည်နယ်တစ်ခုနှင့် အခြားပြည်နယ်တစ်ခု၏ ပြည်နယ်သားတို့ကြားတွင် ဖြစ်ပွားသောမှုခင်းများ။ ဥပမာဆိုကြပါစို့။ ကရင်ပြည်နယ်၏ ပြည်နယ်သားတစ်ယောက်နဲ့ မွန်ပြည်နယ်၏ အစိုးရနဲ့ ပြဿနာဖြစ်တယ်။ ဘယ်ဘက်မှာစစ်မလဲ။ အဲ့လိုအငြင်းပွားလာလျှင်။ (၄) ပြည်နယ်တရားရုံးချုပ်တစ်ခုမှ အခြားပြည်နယ်တရားရုံးချုပ်တစ်ခုကို လွှဲပြောင်းစစ်ဆေးသောမှုခင်း။ ဆိုကြပါစို့ တစ်ဖက်ကတင်လာတယ် ရှမ်းပြည်နယ်နဲ့ ကချင်ပြည်နယ်ကြားထဲမှာ ပြဿနာဖြစ်တယ်။ ပြဿနာဖြစ်တဲ့ ပုဂ္ဂိုလ်နှစ်ယောက်လုံးကလည်း တစ်ယောက်က ကျနော်ကချင်ပြည်နယ်မှာ စစ်ချင်တယ်။ မဟုတ်ဘူး။ အခြားတစ်ယောက်ကလဲ ကျနော်ရှမ်းပြည်နယ်မှာ စစ်ချင်တယ်။ ဆိုတော့ ဘယ်သူကစစ်မလဲ။ ဖက်ဒရယ်တရားရုံးက စစ်မယ်။ (၅) ပြည်နယ်တရားရုံးတစ်ခုနဲ့ အခြားပြည်နယ်တရားရုံးတစ်ခုကြား စီရင်ပိုင်းခွင့်အာဏာနဲ့ ပတ်သက်သည့် အငြင်းပွားမှုများ။ ရှစ်လေးလုံးအရေးတော်ပုံအတွင်းမှာ ကျနော်တို့အပါအဝင် လူထုအများစုက မြို့ပေါ်မှာ အကြီးအကျယ် ရန်သူနဲ့စစ်အာဏာရှင်တွေကို ငြိမ်းချမ်းစွာဆန္ဒပြ တိုက်ပွဲဝင်နေကြသည့်အချိန်မှာ တောထဲမှာ အကြီးအကျယ်ချနေကြသည်။ အဲ့ဒါ မွန်ပြည်သစ်ပါတီနဲ့ ကေအဲန်ယူနဲ့ အကြီးကျယ်ချနေကြသည်။ အဲ့တော့ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌကြီး နိုင်ရွှေကျင်က ကျနော်နဲ့ရင်းနှီးတော့ ပြန်ပြောပြတယ်။ ငါတို့ ကရင်ကိုချလိုက်တာ (၁၀) နှစ်စုဆောင်းထားတဲ့လက်နက်ကြီး အကုန်ကုန်သွားတယ်။ တစ်လတောအတွင်းမှာ အကုန် ကုန်သွားတယ်။ ဘယ်လောက်ကြေကွဲစရာကောင်းလဲ။ ဒါကြောင့်မို့ (၂၄) ရွာက ကရင်ကပြောတယ် ကရင်ပိုင်တယ်။ မွန်ပြောတယ် မွန်ကပိုင်တယ်။ တရားစီရင်ရေးနဲ့ဆုံးဖြတ်တာ မရှိတော့ဘူး။ အဲ့လိုကိစ္စမျိုးဖြစ်လာလျှင် အနာဂါတ်ဖက်ဒရယ်မှာ စီရင်ပိုင်ခွင့်အာဏာကို ဖက်ဒရယ်တရားလွှတ်တော်ချုပ်ကိုပေးမယ်။ (၆) နိုင်ငံခြားကုမ္ပဏီများ နှင့် ပြည်တွင်းကုမ္ပဏီများ (သို့မဟုတ်) ဖက်ဒရယ်ပြည်ထောင်စုတို့ကြား ချုပ်ဆိုသော စာချုပ်စာတမ်းကိုအကြောင်းပြု၍ ပေါ်ပေါက်သော အငြင်းပွားမှုများ။ နိုင်ငံခြားကုမ္ပဏီကိစ္စပါလာသည်။ ဖက်ဒရယ်ကိုပို့မည်။ (၇) လူမွဲဖြစ်တာနဲ့ ဒေဝါလီခံတာ။ လူမွဲဖြစ်တယ်။ ဒေဝါလီခံတယ်။ ပြည်ထောင်စုတဝှမ်းလုံးကို အကျုံးဝင်စေချင်တယ်။ ဒါကြောင့်မို့ ဖက်ဒရယ်ကိုပို့တယ်။ အဲ့ဒီအချက် (၇) ချက်က လွဲရင် ပြည်နယ်များအားလုံး၏ အကျိုးစီးပွားအတွက် ဖက်ဒရယ်ကိုလွှဲလိုက်တဲ့ အခွင့်အာဏာ (၇) ချက်က လွဲရင် ကျန်တဲ့အာဏာတွေအားလုံး ပြည်နယ်တွေမှာ အချုပ်အခြာအာဏာရှိတယ်။ ပြည်နယ်တရားရုံးချုပ်တွေမှာ စီရင်ပိုင်ခွင့်အာဏာ အပြည့်အဝရှိတယ်။ ယနေ့ လက်တွေ့နဲ့စဉ်းစားလျှင် သိပ်ကိုက်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၉၉၀ ကနေစ

တွက်မည်ဆိုလျှင် နှစ် ၂၅-၃၀ လောက် ရှိသွားပြီ။ အဲ့ကတည်းက ဆွဲခဲ့တဲ့ဟာက ယနေ့အချိန်မှာ လာကိုက်သည်။ သေဒဏ်စီရင်ပိုင်ခွင့်အာဏာကို ပြည်နယ်တရားရုံးချုပ်တွေမှာ ထားရှိကျင့်သုံးဖို့လိုလာပြီ။ ဆိုးဆိုးရွားရွားလုပ်လိုက်တဲ့ ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော် (၄) ယောက် အပါအဝင် အခြားဟာတွေ လာတော့မယ်။ နောင်ကို သေဒဏ်ကို ဖက်ဒရယ်အဆင့်မှာ ထားကိုမထားသင့်တော့ဘူး။

အရင်တုန်းကဆွဲခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံကောင်းတွေကို ပြန်လေ့လာစေချင်ပါတယ်။ ဒါသည် တရားစီရင်ရေးနဲ့ပတ်သက်လာလျှင် ပထမအခြေခံဖြစ်သည်။ ဒုတိယအခြေခံက အချုပ် အခြာအာဏာပိုင်သည့် တိုင်းရင်းသားပြည်နယ်တွေက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို တရားသူကြီးရွေးချယ်စေလွှတ်ဖို့ ဖြစ်တယ်။ ကျနော်တို့ တိုင်းပြည်သမိုင်းကြောင်းက ကနေဒါ ထက်လဲခိုင်တယ်။ သမိုင်းမှာ လွတ်လပ်စွာတည်ရှိခဲ့ကြတဲ့ တိုင်းရင်းသားပြည်နယ်ဒေသတွေ ဘုရင်အဆင့်၊ တိုင်းနိုင်ငံအဆင့် ရောက်ချင်မှရောက်မယ်။ သို့သော် သူ့ဟာနဲ့သူ စော်ဘွား၊ အကြီး အကဲအဖြစ်နဲ့ လွတ်လပ်စွာနေခဲ့ကြတယ်။ အဲ့ဒါက အမေရိကန်ပြည်ထောင်စုထက်လဲ သာတယ်။ ဆွီဇာလန်ထက်လဲ သာတယ်။

တရားစီရင် ပြဿနာတောက်လျှောက် တရားစီရင်ရေးကို ဖွဲ့စည်းပုံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ၁၉၆၂ ခုနှစ် နေဝင်းခေတ်ကတည်းက တောက်လျှောက်ကိုင်ပြီးတော့ တရားစီရင်ရေးနဲ့ ဆလိုင်းတင်မောင်ကို သတ်ခဲ့တာ။ အဲ့ဒါကြီးကို တော်လှန်ရေးအဖွဲ့ အစည်း ဘယ်အဖွဲ့အစည်းကမှ လွတ်လပ် ဘက်မလိုက် ထက်မြတ်ပြီးတော့မှ လိုအပ်တဲ့ အရင်းအမြစ်တွေကို ဖြည့်ဆည်းပြီးတော့မှ တရားစီရင်ရေးကို ပေါ်အောင်လုပ်မယ်ဆိုတာ ဘယ်တော်လှန်ရေးအဖွဲ့အစည်းကမှ ဘယ်တုန်းကမှ စီမံရေးချလုပ်ခဲ့တာ မရှိဘူး။ ရာစုနှစ် တစ်ဝက်နီးပါးကြာတော့မှ သမိုင်းတစ်ပတ်ပြန်လည်လာတယ်။ စိတ်မကောင်းစွာပဲ ကိုဂျင်မီတို့အဖွဲ့ကို သတ်ပစ်လိုက်ကြတယ်။ တရားစီရင်ရေးနဲ့ သတ်ပစ်လိုက်ကြတယ်။ အဲ့လိုသတ်ပစ်လိုက်တော့ အကြီးအကျယ် စစ်ကောင်စီကို အပြတ်ချမယ် ဖြစ်လာကြတယ်။ သွေးကြွေးဆပ်မယ်ဆိုတာ ဖြစ်လာကြတယ်။ ဒါပေမဲ့ တရားစီရင်ရေးကို အသစ်ပြန်လုပ်ရမယ်ဆိုတာမျိုး ကြားရတာ တော်တော့်ကိုနည်းတယ်။ စိတ်မကောင်းစရာကြီး။

ကနေဒါကနေ ကွိဘတ်ပြည်နယ်ခွဲမထွက်စေချင်အောင်။ ကွိဘတ်မှာ ရေအိုင်၊ ရွှေတွင်းတွေရှိတယ်။ စက်ရုံအလုပ်ရုံတွေ အများကြီးပဲ။ ဖက်ဒရယ်တရားလွှတ်တော်ချုပ်ကို တရားသူကြီး (၃)ဦး ဖက်ဒရယ်အဆင့်ကို ပြည်နယ်ကနေ စေလွှတ်ခွင့်ကိုပေးထားသည်။ ဘာဖြစ်လို့ ကျနော်တို့ပြည်ထောင်စုက မစဉ်းစားရမှာလဲ။ ကျနော်တို့ အနာဂါတ်ဖက်ဒရယ် ပြည်ထောင်စုမှာ ပြည်ထောင်စုဖွဲ့စည်းပုံမှာ ပါဝင်သည့်ပြည်နယ်တွေမှာ အချုပ်အခြာအာဏာရှိတယ်။ အချုပ်အခြာအာဏာရှိသည့် ပြည်နယ်များ၏ အကျိုးစီးပွားအလို့ငှာ ဖက်ဒရယ် ပြည်ထောင်စု တရားလွှတ်တော်အဆင့်ကို အခွင့်အာဏာအပ်နှင်းလိုက်တယ်။ ဒါပဲ။ နောက်သာခေ တစ်ခုပြောပြမယ်။ နိုင်ငံခြားရေးကို ကျနော်တို့ကြည့်မယ်။ စဉ်းစားချက်တွေ ပြောင်းရတော့မယ်။

> သက်ဆိုင်ရာပြည်နယ်တွေမှာ အချုပ်အခြာအာဏာရှိတယ်။ ပြည်နယ်၏အကျိုးစီးပွားအလို့ငှာ ဖက်ဒရယ်အဆင့်ကို နိုင်ငံခြားရေးတာဝန်လွှဲလိုက်တာ။ နိုင်ငံခြားရေးနဲ့ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ဖက်ဒရယ်အဆင့်ကို အပြည့်အဝ ပေးလိုက်တာမဟုတ်ဘူး။ ကနေ့ တကယ်လို့သာ ကျနော်တို့နိုင်ငံထူးခြားချက်က တိုင်းရင်းသားပြည်နယ်တွေအကုန်လုံးမှာ အိမ်နီးချင်းနိုင်ငံတွေ ရှိတယ်။ အိမ်နီးချင်းနိုင်ငံများ၏ တိုက်ရိုက်ဆက်ဆံခွင့်၊ ငွေကြေးခဝါချတဲ့ကိစ္စတွေကို အရေးယူခွင့်၊ တိုက်ရိုက်ကုန်ကူးခွင့်၊ ပညာရေး၊ ကျန်းမာရေး ဆက်ဆံခွင့်၊ **Immigration** အခွင့်ပေးကြည့်လိုက် စစ်အာဏာရှင်ကိုတိုက်တဲ့အခါမှာ အားကောင်းလာသလို စစ်အာဏာရှင်ပြုတ်ကျပြီး (၁၀) နှစ်အကြာမှာ အဲ့ပြည်နယ်တွေက ချက်ခြင်းကို တိုးတက်ပြောင်းလဲသွားလိမ့်မယ်။

ဘာအကြောင့် အဲ့လိုမစဥ်းစားတာလဲ။ ဘာကြောင့် ဗဟိုထိန်းချုပ်မှု ဘက်ကို ဆက်သွားချင်နေရတာလဲ။ ကျနော်တို့မှာ idea ရှင်းဖို့လိုတယ်။

> ပြည်နယ်တွေမှာရှိတဲ့ အချုပ်အခြာအာဏာအချို့ကို ပြည်နယ်များ၏အကျိုးစီးပွားအလို့ငှာ ဖက်ဒရယ်အဆင့်ကို လွှဲပြောင်းအပ်နှင်းလိုက်တဲ့ **idea** ရှိဖို့လိုပါတယ်။ အဲ့စဥ်းစားချက်ကနေ ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေ အမြန်ဆုံးရေးဆွဲ ကျင့်သုံးအတည်ပြုမည်ဆိုရင်တော့ဖြင့် စစ်အာဏာရှင်စနစ်ကို နိုင်ရေးက ၁၀၀ ရာခိုင်နှုန်း သေချာပါတယ်။

အမေး၊ အဖြေ

မေးခွန်း (၁)

အများစုက ဘုံရည်မှန်းချက်ဖြစ်တဲ့ စစ်အာဏာရှင်ပြုတ်ကျဖို့သာအဓိကဆိုပြီး တိုင်းရင်းသား လူမျိုးစုတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်/ကိုယ်ပိုင်အုပ်ချုပ်ခွင့် တွေ၊ နိုင်ငံရေးအရ ကတိကဝတ်တွေ၊ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးတွေ၊ တိုင်းရင်းသားတန်းတူရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ဗမာပြည်နယ်/ယူနစ် ဖော်ဆောင်ဖို့တွေ၊ အာဏာခွဲဝေကျင့်သုံးရေး မဏ္ဍိုင်သုံးရပ်တွေ စတာတွေကိုတော့ စစ်အာဏာရှင်ပြုတ်ကျပြီးမှ ဆက် လုပ်ကြရမယ့်အရာတွေတာဝန်တွေအဖြစ် အများစုက ယုံကြည်ကြ လက်ခံကြတယ်ပေါ့နော်။ အဲ့တော့ စစ်အာဏာရှင်ပြုတ်ကျပြီးမှ ဒီအရာတွေကိုဆက်လုပ်သင့်တာလား? စစ်အာဏာရှင် ပြုတ် ကျဖို့ ဒီအရာတွေက အရေးကြီးအစိတ်အပိုင်းတွေမှာ ပါဝင်ပါသလား? ဒါတွေမပါဘဲ စစ်အာဏာရှင် ပြုတ်ကျနိုင်ပါ့မလား? သိချင်ပါတယ်။

မေးခွန်း (၂)

စစ်အာဏာရှင်ပြုတ်ကျအောင်သာ အရင်လုပ်။ စစ်အာဏာရှင်ပြုတ်ကျပြီးရင်တော့ ငါတို့ မင်းတို့လိုချင်တာပေးပါ့မယ်ဆိုတဲ့ ဘယ်သူမှမပိုင်ခဲ့တဲ့ဖက်ဒရယ်နဲ့ ပြည်ထောင်စုတွေကို ငါတို့လူမျိုး စုကပိုင်တယ်ဆိုတာမျိုးနဲ့ ငါတို့ပေးမှရမယ်ဆိုတာမျိုးကို လူမျိုးကြီးဝါဒဆန်ဆန် ပြောဆိုကြတာတွေ တွေ့ရပါတယ်။ တချို့တိုင်းရင်းသားတွေကလည်း လူမျိုးစုတစုက သူတို့လိုချင်တာပေးမှရမယ် လို့ လည်း ယူဆချက်တချို့တွေ့ရပါတယ်။ တချို့ကလည်း စစ်အာဏာရှင်ပြုတ်ကျပြီးလို့ ဒီမိုကရေစီ ပြန်ရမှ ဖက်ဒရယ်ပေးလို့ရမယ် ဖက်ဒရယ်ယူလို့ရမယ်လို့ ပြောကြတယ်။ ရွေးကောက်ပွဲပြန်ကျင်း ပပြီးမှ မဲထည့်ကြပြီး မဲခွဲဆုံးဖြတ်ပြီးမှ ဖက်ဒရယ်ပေးသင့်မပေးသင့် ဆုံးဖြတ်ကြမယ် လို့လည်း အများစုကပြောကြတယ်။ ဒီလိုမျိုးတွေပြောကြတော့ တကယ်ပဲ ဖက်ဒရယ်အတွက် ရွေးကောက်ပွဲ မှာ မဲထည့်ပြီး ဖက်ဒရယ်ကိုယူလို့ရတာလား? ပေးလို့ရတာလား သိချင်ပါတယ်။

မေးခွန်း (၃)

ဒီမိုကရေစီနဲ့ဖက်ဒရယ်ကို ကျောသားရင်သားအဖြစ်တောင် ခွဲခြားမြင်နေကြပြီး တချို့ကဆို ဖက်ဒရယ်ကို ခွဲထွက်ရေး အဖြစ်အခုထိမြင်နေကြတာ တွေ့ရပါတယ်။ ဟိုတနေ့က ဖက်ဒရယ်နဲ့ ဒီမိုကရေစီအကြောင်းကို နိုင်ငံရေးစာရေးဆရာ ရေးတင်ထားတာတွေ့ရပါတယ်။ အဲ့စာထဲမှာ တော်လှန်ရေးအောင်ရင်တောင် ဖက်ဒရယ်ရခဲ့ရင် ဒီမိုကရေစီပါလာပါ့မလား? မြန်မာပြည်အတွက် ဖက်ဒရယ်ဆိုတာ စစ်ဘုရင်တွေအကြား အာဏာခွဲဝေထားတဲ့ အမျိုးသားပြည်ထောင်တွေများ ဖြစ်နေမလား? ဖက်ဒရယ်ဖြစ်တာကြောင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနိုင်ပေမယ့် စစ်အုပ်စုကြီးအောက်မှာနေရတာနဲ့ စစ်ဘုရင်လေးတွေအောက်မှာနေရတာ ဒါပဲကွာမယ်ထင်တယ်။ လူ့အခွင့်အရေး လူနည်းစုအခွင့်အရေးနဲ့ လွတ်လပ်ခွင့်တွေ ဒီမိုကရေစီအခွင့်အရေးတွေ အပြည့်အဝ ရမှရကြပါ့မလားလို့ တော်တော်ကြီးစိတ်ပူမိတယ်လို့ စိတ်ပူပူနဲ့ ရေးသား ဖြန့်ဝေထားတာ တွေ့ရ ဖတ်ရပါတယ်။ အဲ့အတွက်ကြောင့်မို့ ဒီစာဆရာ စိုးရိမ်သလိုမျိုး အနာဂတ်ဖက်ဒရယ်မှာ ဖြစ်လာနိုင် မလား? ဆိုတာလည်း အလေးအနက် သိချင်မိပါတယ်။

ဦးအောင်ထူး -

စစ်အာဏာရှင်ပြုတ်ကျပြီးမှလား။ ဒီကိစ္စက တော်တော်အရေးကြီးတဲ့ကိစ္စ ဖြစ်သည်။ နိုင်ငံရေးခေါင်းဆောင်တော်တော်များများ ပြောနေတာရှိသည်။ အထူးသဖြင့် အဲန်အဲလ်ဒီနဲ့ ဆက်စပ်သည့် နိုင်ငံရေးခေါင်းဆောင်တွေ အကုန်လုံးနီးပါးက အဲ့လိုပြောနေကြတယ်။ စစ်အာဏာရှင်တွေကို အရင်တိုက်မယ်။ ပြီးမှ ဖွဲ့စည်းပုံ၊ ဖက်ဒရယ်ကိစ္စတွေကို သွားမယ်ဆိုတာမျိုး။ ကျနော်တို့မြင်တာကတော့ စစ်အာဏာရှင်တွေကို ထိရောက်စွာတိုက်နိုင်ရေးအတွက် ကနေ့ကာလမှာကိုက ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေက ဖက်ဒရယ်အဆင့်၊ ပြည်နယ်အဆင့်တွေမှာ အပြိုင်အရင်းပေါ်လာဖို့လိုတယ်။ ဘာကြောင့်လဲဆိုတော့ ရှေ့ပိုင်းမှာ ကျနော်တင်ပြသွားခဲ့တယ်။ လောလောဆယ်မှာ ပြဿနာတွေ ပေါ်နေတယ်။ အနီးကပ်ဆုံးပြောမယ်ဆိုရင် အဲန်ယူဂျီ၊ အဲန်ယူစီစီ အဓိကတိုက်အား၊ စည်းလုံးတိုက်အားက ကေအိုင်အိုမှာရှိတယ်။ မှန်တယ် ကရင်ပြည်နယ်မှာ တိုက်ပွဲတွေ တော်တော်များများ ပေါ်လာတယ်။ သို့သော် ကေအဲန်ယူက ပေါ်လစီမရှင်းသေးဘူး။ ကေအဲန်ယူက တစ်နိုင်ငံလုံးပစ်ခတ်ရပ်စဲရေး လက်မှတ်ထိုးထာတာကို မဖျက်သေးဘူး။ အဲ့တော့ နှစ်ခွ ကစားနေသလိုဖြစ်သည်။ တစ်ဖက်ကတော့ မှန်တယ် အဲန်အဲလ်ဒီ၊ အဲန်ယူစီစီ၊ အဲန်ယူဂျီ၊ စီအာပီအိတ်ရှ် ကို လက်တွဲထားသည်။ အခြားတစ်ဖက်မှာ အဲန်စီအေလမ်းကြောင်းကို မပြတ်သေးသည့်အတွက် စစ်ကောင်စီနဲ့ တစ်စုံတစ်ရာ လက်တွဲထားသလိုဖြစ်တယ်။ ပေါ်လစီ က မပြတ်ဘူး။ ပေါ်လစီပြတ်ပြီးတော့မှ ရန်သူကို သေချာတိုက်နေသည့် ကရင်နီပြည်နယ်က အစီအမံစာနဲ့သွားပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေ အဆင့်ကနေ မတက်လာဘူး။ အဲ့ကြားထဲမှာ ခုနက ပြောတဲ့ အဲန်ယူဂျီ၏ ပြည်ထဲရေးဝန်ကြီးဌာနက statement နဲ့ ဟိုလုပ်ဒီလုပ်ဆိုတော့ ဒေသခံ၏ ပဋိညာဉ်က တက်လာတယ်။ အဲ့ဒါကို ပါးစပ်နဲ့ ငြင်းပြီးဖြေရှင်းတာပဲရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖြေရှင်းတဲ့အဆင့်ကို မရှိဘူး။ ယုံကြည်မှု ပြဿနာတက်သည်။ အခုပိုဆိုးတာက နီးကပ်ဆုံးလို့ပြောလို့ရတဲ့ ကေအိုင်အို နောက်ခံကနေမှ KPICT နောက်ခံကမှ ယာယီ သမ္မတဒူဝါလရှီး နဲ့ ဆက်စပ်ထားတဲ့ KPICT က NUCC ကနေ ထွက်သွားပြီ။ ဆိုလိုချင်တာက ကိုယ်လုပ်မယ်လို့စဉ်းစားတာ။ ကြားကာလဖွဲ့စည်းပုံ အခြေခံဥပဒေကို အသည်းအသန်ဆွေးနွေး တင်ပြနေတာသည် စစ်ကောင်စီနဲ့ စစ်အာဏာရှင်စနစ်ကို အပြတ်တိုက်နိုင်ရေးဖြစ်တယ်။ PDF တွေတိုက်တာ တန်ဖိုးထားတယ်။ လေးစားတယ်။ အသိမှတ်ပြုတယ်။ ဒါပေမဲ့ PDF တွေတိုက်ရုံသက်သက်နဲ့ စစ်ကောင်စီကိုနိုင်လိမ့်မယ်ဆိုတာမျိုး ဟုတ်ပါ့မလား။ သူတို့ကြီးပဲ အဓိက အသေခံတိုက်ခိုင်းတဲ့ ပုံစံမျိုးသွားတဲ့စဉ်းစားချက်က သဘာဝကျပါ့မလား။ ဥပမာ - ဝတပ်ပိုင်းတစ်ခုလုံး ငြိမ်နေတယ် မြောက်ပိုင်းမှာ။ ဝပြည်သွေးစည်းညီညွတ်ရေးပါတီက လက်နက်ကိုင် တိုက်အင်အား (၃) သောင်းကျော်ရှိတယ်။ ပြည်သူ့စစ်နဲ့ပေါင်းရင် (၅) သောင်းလောက်ရှိတယ်။ ဘာကြောင့် တပ်ကြီးကငြိမ်နေလဲ။ စဉ်းစားပါ။ မြောက်ပိုင်း မဟာမိတ် (၃) ဖွဲ့ရှိတယ်။ ULA, ကိုးကန့်၊ TLA ပါတယ်။ ဒီအဖွဲ့တွေက ရန်သူကို ထိထိရောက်ရောက် မတိုက်နိုင်ဘူး။ နိုင်ငံရေးပြဿနာတွေ ရှိတယ်။ နိုင်ငံရေးပြဿနာကိုဖြေရှင်းဖို့ ဖွဲ့စည်းပုံအခြေခံနဲ့ရှင်းရမယ်။ ဖိတ်ခေါ်ရမည်။ အခု ULA က ခေါ်သည် confederation တဲ့။ Confederation နဲ့ တိုင်းရင်းသားပြည်နယ်တွေမှာ အချုပ်အခြာအာဏာရှိတဲ့ ပြည်ထောင်စုမှာ ပါတာနဲ့ ဘာကွာ တာလဲ ဆိုတာကို ဆွေးနွေးလို့ရတာပဲ။

ဆွေးနွေးပြီး ဘာကြောင့် နိုင်ငံရေးအာမခံချက်တွေမပေးတာလဲ။ နိုင်ငံရေး အာမခံချက်တွေ အပြည့်အဝပေးပြီး ဒီအင်အားစုကြီးတွေက တော်လှန်ရေးမှာ ပါဝင်လာအောင်လုပ်ခြင်းက ပိုပြီး မထိရောက်ဘူးလား။ ပင်္ဂလုံညီလာခံမှာ ဘာအာမခံချက်မှမပါဘူး။ ဘာတဲ့အပိုင်းကို ကျနော်တို့ အရှေ့ ပိုင်းမှာဆွေးနွေးခဲ့ပြီးပါပြီ။ တန်ဖိုးထားပါတယ်။ အဲ့ဒါတွေကလွဲရင် ကျန်တဲ့ဟာတွေက ဝေဝါးနေတယ်။ ရှုတ်ထွေးနေတယ်။ ရှေ့နောက်ဆန့်ကျင်နေတယ်။ ယုံကြည်မှုက ပြဿနာတက်လာတယ်။ ပင်္ဂလုံညီလာခံနဲ့ ယုံကြည်မှုကိုရှာလို့ မရဘူး။ ယုံကြည်မှုရှာလို့ရအောင် ကြားကာလဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့သွား ဖက်ဒရယ်အဆင့်မှာလဲ ရှိမယ်။ ပြည်နယ်အဆင့်မှာလဲ ရှိမယ်ဆိုရင် ယုံကြည်မှုတည်ဆောက်ရင် သိပ်တိုးတက်သွားမယ်။ **နံပါတ် (၁)** မေးခွန်းက အခုလုပ်ဖို့လိုတယ်။

နံပါတ် (၂) ရွေးကောက်ပွဲနဲ့ ဖက်ဒရယ်ပေးရမှာ မဟုတ်သေးဘူး။ ရွေးကောက်ပွဲကိုယ်တိုင်က ပြဿနာရှိတယ်။ ၁၉၄၈ လွတ်လပ်ရေးရပြီးကတည်းက ရွေးကောက်ပွဲက မဲအများဆုံးရသူအနိုင်ရစတမ်းစနစ် (Majority of democracy) တနည်းအားဖြင့် (First Past the Post (သို့) Winner Take All) နဲ့ သွားသည်။ မြန်မာလူမျိုးတွေ အများဆုံးထောက်ခံတဲ့ ပါတီက အနိုင်ရသွားသည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအောက် တွင် ဗိုလ်မှူးချုပ်တွေအားလုံးက ဗမာတွေ။ တိုင်းပြည်အာဏာကို တကယ်ချုပ်ကိုင်သွားတယ်။ အဲ့ဒီရွေးကောက်ပွဲကပဲ အခုထိဆက်လက်ကျင့်သုံးတယ်။ ၂၀၂၀ ရွေးကောက်ပွဲမှာလဲ အဲ့လိုပဲကျင့်သုံးတယ်။ အဲ့ဒါဒီမိုကရေစီလား။ မှန်ပါတယ် အဲ့ဒါ ဒီမိုကရေစီ၏ အရေးပါတဲ့အပိုင်းဖြစ်သည်။ ငြင်းလို့မရဘူး။ လက်ခံရမှာဖြစ်တယ်။ ဒါပေမဲ့ အဲ့ဒီ ဒီမိုကရေစီအတိုင်းသွားရင်တော့ ခင်ဗျား ဘယ်တော့မှ တိုင်းရင်းသားတွေ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တကယ်တမ်းအကာအကွယ်မရဘူး။ အမြဲတမ်း Permanent minority ဖြစ်မယ်။ အဲ့တော့ သူတို့ကို ကိုယ်စားပြုပြီး လွှတ်တော်ထဲမှာ ဥပဒေပြဋ္ဌာန်းနိုင်ဖို့က သူတို့အသံကို ကိုယ်ကကိုယ်စားပြုပြီးတော့မှ သူတို့ပြည်နယ်ရေး၊ အခွင့်အရေးတို့ ဥပဒေ ပြဋ္ဌာန်းနိုင်ဖို့က မဖြစ်နိုင်ဘူးထင်ပါတယ်။ ကနေ့ လူထုကြီးကိုယ်တိုင် စဉ်းစားဖို့လိုတာက ခင်ဗျားတို့လိုချင်တဲ့ ဒီမိုကရေစီကဘာလဲ။ Majority Democracy အတွက် သက်သက်ပဲလား။ အဲ့ဒါဆိုရင်တော့ ခင်ဗျားတို့ ဘယ်တော့မှ ပြည်တွင်းစစ်ကို ငြိမ်းနိုင်မှာမဟုတ်ဘူး။ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုတွေက ရှိတာနဲ့ ခံချနေကြမှာလား။ စစ်ကောင်စီပြုတ်ကျသွားမယ်ဆိုရင်တောင် ခုနကပြောတဲ့ Majority democracy ကို ကျင့်သုံးတဲ့ အစိုးရတက်လာ မယ်ဆိုရင်တောင် ခံချနေကြအုံးမယ်။ ဘယ်တော့မှ ပြည်တွင်းစစ်ငြိမ်းဖို့ မဖြစ်နိုင်ဘူး။ နိုင်ချင်မှနိုင်မယ်။ ခံချနေကြအုံးမှာ။ ဒီမိုကရေစီကို စဉ်းစားနေသည့်အခါတွင် နှစ်ဖက်မျှစဉ်းစားရမည်။ Majority သက်သက်ကိုပဲမစဉ်းစားပဲ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးနိုင်သည့် ဒီမိုကရေစီကို စဉ်းစားဖို့လိုမည်။

နံပါတ် (၃) တတိယမေးခွန်းကို ကျနော်နားလည်တာကတော့ တိုင်းရင်းသား ခုခံစစ်ဆင်နွှဲနေတဲ့အဖွဲ့မှာ အချို့က စစ်ဘုရင်တွေလို ဖြစ်နေကြတယ်။ သူတို့အောက်မှာ နေရတော့မှာလား။ ကျနော်တို့နိုင်ငံက နိုင်ငံသားတွေကြားထဲမှာ ကိုယ်လိုချင်တဲ့ဖက်ဒရယ်၊ ကိုယ်မျှော်မှန်းတဲ့ ဖက်ဒရယ်၊ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနဲ့ ဖက်ဒရယ် လက်တွေ့အခြေအနေကို ဖြေရှင်းနိုင်တဲ့ ဖက်ဒ

ရယ်က ဘယ်လိုဖက်ဒရယ်မျိုးလဲ ရှင်းဖို့လိုတယ်။ မြန်မာနိုင်ငံနဲ့ သင့်တော်သော ဖက်ဒရယ်အခြေခံ (၅) ရပ်ကို ကျနော်ဆွေးနွေးသွားမည်။

(၁) ဥပဒေစိုးမိုးရေးအခြေခံကနေ လူ့အခွင့်အရေးကိုဦးတည်သည့် ဖက်ဒရယ်စနစ်။ ဥပဒေစိုးမိုးရေးနဲ့ လူ့အခွင့်အရေး ဆက်စပ်မှုကို နားလည်ဖို့ လိုအပ်လာသည်။

(၂) တရားစီရင်ရေး အရေးကြီးမှု။ လွတ်လပ်ဘက်မလိုက်ထက်မြတ်ပြီးတော့ လိုအပ်တဲ့ အရင်းမြစ်တွေ ဖြည့်ဆည်းပေးခံထားရတဲ့ တရားစီရင်ရေးကို ပြန်လည်သုံးသပ်ပိုင်ခွင့်သည် Judiciary Review ကို ကျင့်သုံးသည့် ဖက်ဒရယ်စနစ်။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်မှာပါတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်။ သိပ်ကောင်းပါတယ်။ ဒါပေမဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သဘောချက်က Limited government (အစိုးရအာဏာကို ကန့်သတ်ရမည်။) အစိုးရအာဏာကိုကန့်သတ်သည့် ပြဋ္ဌာန်းချက် တစ်ခုမှမပါဘူး။ အစိုးရအာဏာကို အဓိကကန့်သတ်တာက တရားရုံးတွေဖြစ်တယ်။ တရားရုံးတွေမှာ အာဏာပြန်လည်သုံးသပ်ခြင်း Judiciary review ဖြစ်ရမည်။

(၃) နိုင်ငံရေးပါတီအပါအဝင် လူထုအသင်းအဖွဲ့တွေ၊ CSOs တွေ လွတ်လပ်စွာတည်ရှိလှုပ်ရှားမှုကို အာမခံတဲ့ ဖက်ဒရယ်စနစ်ဖြစ်ရမည်။

(၄) မြန်မာပြည်နယ်အပါအဝင် (မြန်မာပြည်နယ် ဖွဲ့ကိုဖွဲ့စည်းရမည်)။ ပြည်နယ်အတွင်းမှာရှိတဲ့ **ဒေသခံဌာန တိုင်းရင်းသားအသီးသီး** (၂၀၂၀ ရွေးကောက်ပွဲရလဒ်က အားနည်းချက်တွေ ရှောင်လို့ရအောင်) ကို ကိုယ်စားပြုပြီး ဒီမိုကရေစီနည်းကျကျ ရွေးချယ်တင်မြှောက်ခြင်းခံရမည်။ ရှင်းရှင်းလင်းလင်းနဲ့ တာဝန်ခံမှုကိုကျင့်သုံးတဲ့ အစိုးရများရှိတဲ့ပြည်နယ်များနဲ့ ဖွဲ့စည်းထားသည့် ဖက်ဒရယ်စနစ်။ ပြည်နယ်တွေမှာ အာဏာရှင်တွေမရှိရဘူး။ မရှိသင့်ဘူး။ ရှိလျှင်လည်း ချုပ်ငြိမ်းရမည်။ ဒီမူမျိုးနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံရမည်။

(၅) မြန်မာပြည်နယ်အပါအဝင် အချုပ်အခြာအာဏာကိုကျင့်သုံးသည့် တိုင်းရင်းသားပြည်နယ်တွေ ပြည်ထောင်စုကို စုပေါင်းတည်ထောင်ထားသည့် ဖက်ဒရယ်စနစ်။ ဒီလိုဖက်ဒရယ်စနစ်မျိုးသွားလျှင် စစ်အာဏာရှင်တွေအောက်မှာ နေရမှာလားဆိုတဲ့မေးခွန်းက မေးစရာမလိုတော့ဘူး။

နော်ဖောဝါး

LAIN နည်းပညာအထောက်အကူပြုအဖွဲ့ ဒါရိုက်တာ

ကရင်နီပြည်နယ် ဖွဲ့စည်းပုံမူကြမ်း ရေးဆွဲရေးကော်မတီ တာဝန်ခံ

မေးခွန်း ၁။ အမျိုးသမီးများကိုဖိနှိပ်ထားသည့် ဓလေ့ထုံးတမ်းများရှိနေပြီး အဲဒါတွေကိုဖယ်ရှားနိုင်ရန် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ထည့်သွင်းပြဋ္ဌာန်းဖို့လိုအပ်သလဲဆိုတာနှင့် ဖက်ဒရယ်မှု နှင့်ပတ်သက်ပြီး တိုင်းရင်းသားတန်းတူခွင့်များ အာမခံချက်ရှိစေရန် မည်သည့်အရာများပြဋ္ဌာန်းပြီး ဆွေးနွေးဆောင်ရွက်သလဲ၊ အာမခံချက်ရှိအောင်ပြဋ္ဌာန်းသလဲ။

နော်ဖောဝါး -

ကျမတို့ ပြည်နယ်ဖွဲ့စည်းပုံမှာ ခေတ်အဆက်ဆက် မြန်မာနိုင်ငံ၏အနေအထားအရ တစ်ပြည်ထောင်စုစနစ်ကိုသွားသောကြောင့် တိုင်းရင်းသားအခွင့်အရေးတွေက အမြဲတမ်း နောက်ကျကျန်တာ၊ အခွင့်အရေးတွေဆုံးရှုံးခဲ့ရတာတွေ ရှိတယ်။ ဒီအောက်မှာဘဲ ကျမတို့ လူနည်းစုဖြစ်သည့် ဌာနေတိုင်းရင်းသားကစ ပြည်နယ်မှာရှိနေတဲ့ မတူကွဲပြားတဲ့လူမျိုးစု၊ အုပ်စုကစ အမျိုးသမီးတွေက ဒါတွေအကုန်လုံးကို အာမခံချက်ပေးနိုင်ရန်၊ ပါဝင်မှုတွေကို အသေးစိတ်ရေးဆွဲထားသည့်အပိုင်းတွေ ရှိတယ်။ ဘယ်လိုမျိုးစဉ်းစားထားသလဲဆိုတော့ ကျမတို့က တစ်ခုချင်းဆီ အခန်းကဏ္ဍကို အခြေခံမှုနှင့် အခြေခံအခွင့်အရေးတွေကို တိတိကျကျ အမျိုးသမီးတွေကို ကာကွယ်ပေးဖို့က ခွဲခြားမှုမရှိတာကစ နောက်ပြီး ပြည်နယ်မှာရှိနေသည့် မတူကွဲပြားသည့် လူမျိုးစု၊ ဌာနီမျိုးနွယ်စု ကစ သူတို့ အခွင့်အရေးတွေ ကာကွယ်ပေးနိုင်တာတွေ၊ နောက်ပြီး နိုင်ငံရေး အခွင့်အရေးကစ ပါဝင်နိုင်တဲ့အရာတွေက ပြည်နယ်ဖွဲ့စည်းပုံမှာ အတိအကျ ပြဋ္ဌာန်းပေးထားတယ်။ နောက်တစ်ခုက ပြည်နယ်ဖွဲ့စည်းပုံလို့ပြောရင် ဥပဒေမှာဘဲဖြစ်ဖြစ် လွှတ်တော်ရွေးကောက်ပွဲတွေကစ အမျိုးသမီး၊ လူနည်းစုတွေရဲ့ (ဘာဖြစ်လို့လဲဆိုတော့ ကျမတို့ပြည်နယ်က အခြားပြည်နယ်နှင့် မတူသည့်မျိုးနွယ်စွာရှိပြီး ဘာသာစကားတွေလည်း များစွာရှိတဲ့အခါ) ဒါတွေ ကစ အခြေခံစဉ်းစားပြီး ဖွဲ့စည်းပုံမှာ မတူညီသည့်လူမျိုးစု၊ မျိုးနွယ်စုကစ အုပ်ချုပ်ရေးတွေမှာ ပါဝင်လာနိုင်ဖို့ကို ပြဋ္ဌာန်းမှုကို ရွေးချယ်တင်မြှောက်ရေးနှင့် လူနည်းစုပါဝင်လာနိုင်ရေးကိုလည်း ဖွဲ့စည်းပုံမှာ ထည့်သွင်းပြဋ္ဌာန်းထားတာမျိုးတွေ လုပ်ထားတယ်။ အမျိုးသမီးတွေ ပါဝင်မှုတွေကိုလည်း အတိအကျပြဋ္ဌာန်းသလို အဆင့်ဆင့် ရွေးချယ်တင်မြှောက်မည့် နေရာမှာပါလာမည့် စနစ်၊ ချာနယ်တွေကစ တိတိကျကျ ပြည်နယ်ဖွဲ့စည်းပုံမှာ ရေးဆွဲထားတာရှိတယ်။ ဒါကတော့ မူကြမ်းထဲမှာပေါ့။ ပြည်ထောင်စုကိုကျတော့ ယေဘုယျအားဖြင့် တစ်နိုင်ငံလုံးတိုင်းတာသည့် အခြေခံပြီး ပေးသွားနိုင်မယ်။ သို့သော် ပြည်နယ်တစ်ပြည်နယ်နှင့် တစ်ပြည်နယ် မတူသည့်အနေအထားမှာ သူတို့မှာရှိနေတဲ့ပြဿနာ၊ identity တွေကလည်း မတူညီတဲ့အတွက်ကြောင့် ပြည်နယ်ရဲ့ ဖွဲ့စည်းပုံချင်းကတော့ အထဲမှာပါနေတဲ့ အခြေခံပြဋ္ဌာန်းချက် ဥပဒေတွေက တူနေမှာမဟုတ်ဘဲ ကိုယ့်ဒေသ ကိုယ့်ပြည်နယ်နှင့် လိုက်လျောပြီးတော့ ဒီပြည်နယ်မှာရှိတဲ့ လူထုတွေကို အာမခံပေးနိုင်တဲ့ အဲ့လိုမျိုးတော့ အာမခံတဲ့ပြဋ္ဌာန်းချက်တွေကို ပြည်နယ်ဖွဲ့စည်းပုံမှာ ရေးဆွဲ ပြဋ္ဌာန်းပေးတာပေါ့နော်။ ဒါမှသာလျှင် ဒီလူတွေရဲ့ နိုင်ငံရေးအခန်းကဏ္ဍတွေမှာ ပါဝင်လာနိုင်မယ် ဒီလူနည်းစုတွေရဲ့ လူမျိုးစုတွေကို ကာကွယ်မှုတွေဖြစ်လာနိုင်မှာကို ဒါတွေကစ အခြေခံစဉ်းစားပြီးတော့ ကျမတို့ ထည့်သွင်း ရေးဆွဲတာတွေကိုတော့ လုပ်ပါတယ်။

မေးခွန်း ၂။ ဖက်ဒရယ်ပြည်ထောင်ဟု တည်ဆောက်နိုင်ဖို့အတွက် ဒီတော်လှန်ရေးအရွေ့မှာ ပြည်နယ်တွေရဲ့ အရေးပါပုံနှင့်ပတ်သက်ပြီး ဘယ်လောက်ထိ ထည့်သွင်းစဉ်းစားထားပြီး တော်လှန်ရေးအရွေ့ကို ဒီထက်မကပိုပြီးမြန်ဆန်အောင် ရွေ့နိုင်အောင် လုပ်နေသလဲဆိုတာကို ဆရာမနော်ဖောဝါးအနေဖြင့် ဖလှယ်ပေးဖို့ ဖိတ်ခေါ်လိုပါတယ်။ အထူးသဖြင့် ပြည်နယ်ဖွဲ့စည်းပုံ အာမခံချက်ရှိမှ ဘယ်လိုဖက်ဒရယ်မျိုးကို ပြည်နယ်တွင်းထဲမှာ အကောင်အထည် ဖော်လို့ရနိုင်မလဲ။

နော်ဖောဝါး -

လက်ရှိတော်လှန်ရေးအတိုင်းအတာနဲ့ ချိန်မယ်ဆိုရင် ကရင်နီပြည်က ခုနကပြောသလိုဘဲ ယခင်ကတည်းက တော်လှန်ရေးကို တစိုက်မတ်မတ်လုပ်သလို လက်ရှိမှာလည်း ထဲထဲဝင်ဝင် ပါပြီးသွားနေကြတယ်။ သို့သော် ခုနကပြောသလို ဒီတော်လှန်ရေးထဲကို အားလုံး ထဲထဲဝင်ပါလာမှု မရှိရင် ဒီတော်လှန်ရေးမပြီးနိုင်ဘူးပေါ့လေ ဆိုတော့ အားလုံးထဲထဲဝင်ဝင်ပါဝင်လာနိုင်ဖို့ ဆိုတဲ့ ကဏ္ဍက အရေးကြီးတယ်။ အားလုံးပါဝင်လာနိုင်ဖို့လို့ပြောရင် ဖက်ဒရယ်ဒီမိုကရေစီကို တည်ဆောက်ကြမယ်ဆိုတဲ့အပြောက အရေးပါလာတယ်။ လက်ရှိတော်လှန်ရေးမှာ ကရင်နီက ထဲထဲဝင်ဝင်ပါလာတယ်ဆိုတာကလည်း ဖက်ဒရယ်ဒီမိုကရေစီစနစ်ကိုသွားမယ် ဆိုတာကို ယုံကြည်ချက်နဲ့ ကျမတို့ကပါလာတာ ဖြစ်တယ်။ အဲ့တော့ အခက်အခဲဖြစ်နေတာက ကျမတို့က ဘာကိုသွားပြန်မြင်နေလဲဆိုတော့ တကယ့်တကယ် NUG မှာဘဲပြောပြော NUCC မှာဘဲပြောပြော ပါနေတဲ့လူတွေထဲမှာ ကအကုန်လုံးက ဖက်ဒရယ်ဒီမိုကရေစီကိုသွားမယ်ဆိုတဲ့ ပါးစပ်အားဖြင့်သာပါနေပြီး sense က အတိအကျပါမလာနေတဲ့ပြဿနာတွေက ဒီဖက်ဒရယ်ကိုသွားမယ့်နေရာမှာ အခက်အခဲ ဖြစ်နေတယ်။ ပါးစပ်ဘဲပါတယ် စိတ်က လိုလိုလားလားမပါနေဘူး။ ကျမတို့ပြည်နယ်အနေနဲ့ဆိုရင် အားလုံးပါဝင်လာနိုင်ဖို့ဆိုရင် ကျမတို့ပြည်နယ်၊ တိုင်းတွေအားလုံးက လက်ရှိနိုင်ငံရေးပဋိပက္ခသည် အားလုံးနဲ့ဆိုင်တယ်ဆိုတဲ့ sense of belong ကို ကျမတို့က ဖော်ဆောင်နိုင်ဖို့ကို ပြည်နယ်တွေအားလုံးပါဝင်လာနိုင်ဖို့ကို ပြည်ထောင်စုပေးမယ်ဆိုရင်တော့ ဒီတော်လှန်ရေးက အောင်မယ့် အနေအထားမှာရှိတယ်။ လက်ရှိက ဒီလိုအနေအထားတွေ မရှိနေသည့်အတွက် ပါတဲ့သူကပါနေပြီး အားလုံးကပါနေတဲ့ အနေအထားတွေမရှိဘူး။ ဒီကြားထဲမှာ ကျမတို့ပြည်နယ်က ဘာလို့ဒီလိုသွားနေသလဲလို့ပြောရင်ရော ပြည်ထောင်စုကို တည်ဆောက်မယ်ဆိုလို့လည်း ကျမတို့သီးခြား ကရင်နီပြည်နယ်ကနေ ဒီအတိုင်းအတာထိကို ကျမတို့ရောက်လာတယ်။ ပြည်နယ်အားကောင်းမှ ပြည်ထောင်စုအားကောင်းမှာ ဖြစ်တဲ့အတွက် ကျမတို့ ဒါတူတူသွားကြမယ်ဆိုတဲ့ သဘောတရားနဲ့ ဒီမှာ ထဲထဲဝင်ဝင်ပါလာတယ်။ ဒီကြားထဲ တော်လှန်ရေးကိုသွားရင်းနဲ့ ကျမတို့ပြည်နယ်ကို တည်ဆောက်ရမယ့်ကဏ္ဍ၊ ညီညွတ်ရမယ့်ကဏ္ဍကို ကျမတို့ကတော့ ဒီကြားကာလမှာ သွားနေရင်းနဲ့ တည်ဆောက်ကြတယ်။ ဒါက ကျမတို့သည် နောက်ဆုံးချိန် တော်လှန်ရေးအောင်တဲ့ အချိန်ကျရင် ကျမတို့ ပြည်နယ်က အဆင်သင့်ဖြစ်သွားမယ် နောက်ဆုံး ကျမတို့ပြည်နယ်တစ်ခုကဘဲ တိုက်ခိုက်ခံနေရတယ် အခြားပြည်နယ်က လှုပ်ရှားမှုမရှိဘူး ကျမတို့ပြည်နယ်ကဘဲ လှုပ်ရှားနေတယ်

ဆိုရင်တောင်မှ ကျမတို့ပြည်နယ်ထဲမှာရှိနေတဲ့ ဖွဲ့စည်းမှုတွေကို သွားမှာဖြစ်တယ်။ နောင်တစ်ချိန် အတွက်ဖြစ်ရင်လည်း လက်တလောမှာ ကျမတို့တွေပြင်ရတဲ့ဟာတွေရှိတယ်။ အဲ့တော့ ခုန ပြောသလို ပြည်နယ်ဖွဲ့စည်းပုံက နောင်တစ်ချိန်အတွက် ဖြစ်ကောင်းဖြစ်မယ် သို့သော် လက်ရှိ တော်လှန်ရေးမှာ သွားနေတဲ့အချို့သောအရာသည် ဒီဖွဲ့စည်းပုံအခြေခံဥပဒေက အထောက်အကူပြု သလို ကျမတို့ လက်ရှိပြည်နယ်မှာ ကာလမှပြင်ဆင်ရမည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး ၊ တရားစီရင် ရေးအစ ဒါတွေကို ကြိုးစားပြီးလုပ်နေတယ်။ ဒါတွေက ဒီတော်လှန်ရေးတစ်ခုထဲတင် မဟုတ်ဘဲ ကိုယ့်ပြည်နယ်ကိုလည်း တည်ဆောက်သွားတယ်။ ကိုယ်ပြည်နယ်မှာရှိတဲ့ သူတွေကိုလည်း ကာကွယ်သွားနိုင်ဖို့ကိုလည်း ရည်ရွယ်ပြီး ဒီကြားကာလအတွက်လည်း လက်ရှိပြင်ဆင် သွားနေတာ တွေရှိတယ်။ ဒီမှာက ခုနကကျမပြောသလို ဒီပြည်ထောင်စုအတိုင်းအတာ အခြေအနေကလည်း ဒီတော်လှန်ရေးကို အောင်မြင်ချင်တယ်ဆိုရင် ဒီ ဖက်ဒရယ်ဒီမိုကရေစီကို သွားမယ်ဆိုတဲ့ sense ပြည့်ပြည့်ဝဝရှိဖို့ လိုတယ်။ လက်ရှိမှာက ခုနက ဆရာဦးအောင်ထူးပြောသလို ပါးစပ်ကပြောပြီး လက်တွေ့မှာက ချာတာမှာလည်းမရှင်းရှင်းနဲ့ ကျမတို့ပြည်နယ်ကိုလည်းလာပြီး ပြည်နယ်ဒေသန္တရ အုပ်ချုပ်ရေးထိ လာပြီး ဝင်ရောက်စွက်ဖက်တာမျိုးတွေရှိလာတာက တော်လှန်ရေးအတွက် အခက် အခဲဖြစ်တယ်။ ပြည်နယ်အားကောင်းဖို့အတွက်ကိုတော့ ပြည်နယ်တိုင်းက သွားဖို့တော့လိုတယ်။ ဒါမှသာ စုစုစည်းစည်းနဲ့ တိုက်တွန်းနိုင်မည့်အနေအထားလည်း ဖြစ်တယ်။ ဒါမှလည်း တော်လှန်ရေး ကို ဖော်ဆောင်နိုင်မှာဖြစ်သလို ဖက်ဒရယ်အနှစ်သာရကို ဒီမှာအခြေခံပြီးနေတယ်ဆိုတာပါဘဲ ။

မေးခွန်း ၃။ အဓိက မြန်မာနိုင်ငံမှာ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို တကယ့်ကို တည်ဆောက်နိုင်ဖို့ အတွက် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အာဏာခွဲဝေမှုကို ဘယ်လိုပုံစံမျိုးတွေကို ထည့်သွင်း စဉ်းစားပြီးတော့ ဒီလိုမျိုး ပြည်နယ်တွေရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်နိုင်ဖို့အတွက် ဘယ်လို လုပ်ဆောင်သင့်တယ်လို့ ဆရာမအနေနဲ့ အကြံပြုသုံးသပ်လိုပါသလဲ။

နော်ဖော၀ါး -

ဟုတ်ကဲ့ပါ။ ပြည်ထောင်စုနှင့် ပြည်နယ်အာဏာခွဲဝေမှုလို့ပြောပြီဆိုရင် လူတွေက sensitive ဖြစ်ကြတယ်။ ပေးလိုက်ရမယ့်ဟာ ပြည်နယ်တွေကို ပေးလိုက်ရမယ့်ဟာတွေက သူတို့အုပ်ချုပ်မှုကို လျော့သွားမလားဆိုတဲ့ ဟာတွေကို စဉ်းစားကြတယ်။ အခြေခံအားဖြင့် တကယ်စဉ်းစားရမှာက အာဏာခွဲဝေမှုထက်စာရင် လုပ်ပိုင်ခွင့်ပေါ့။ အထူးသဖြင့် ပြည်ထောင်စုက သူနဲ့ဆိုင်တဲ့ အကြောင်း အရာတွေနဲ့ သက်ဆိုင်တဲ့လုပ်ပိုင်ခွင့်အာဏာက ပြည်ထောင်စုမှာရှိပြီး ပြည်နယ်တွေက အဓိက နေ့စဉ်နှင့်အမျှဖြေရှင်းရမည့် ကိုယ့်ပြည်သူရဲ့လိုအပ်မှုနဲ့ သက်ဆိုင်တဲ့ဟာမျိုးတွေကတော့ ပြည်နယ် ရဲ့လုပ်ပိုင်ခွင့်မှာ အပြည့်အဝပြဌာန်းပေးဖို့တော့ လိုအပ်တယ်။ ဘာကိုသွားပြောလို့ရသလဲဆိုရင် ပြည်ထောင်စုအနေနဲ့ဆိုရင် ပြည်ထောင်စုတစ်ဝှမ်းနှင့် သက်ဆိုင်တာကို လုပ်ဖို့လိုတယ်။ နောက်မှ တစ်ပြည်နှင့်တစ်ပြည်နယ်ကြား ညီညွတ်မှုကိုလုပ်ဆောင်ရမည့် လုပ်ငန်းများဖြစ်တဲ့ ဒီလိုမျိုး

လုပ်ရမည့်ကဏ္ဍရဲ့ သက်ဆိုင်သည့်လုပ်ငန်းတာဝန်တွေကို လုပ်ရမည့် တာဝန်တွေက ပြည်ထောင်စုမှာ သွားရမှာဖြစ်တယ်။ ခုနက ဆရာဦးအောင်ထူးပြောသလို ပြည်နယ်တစ်ခုက လုပ်လိုက်တဲ့အရာက သူ့နဲ့ ဆက်စပ်နေတဲ့ပြည်နယ်က ဆိုးကျိုးသက်ရောက်မှုတွေ ရှိလာမယ်ဆိုရင် ဒါက ပြည်နယ်အချင်းချင်းကြား အငြင်းပွားတဲ့ဟာတွေပြဿနာတွေကို ဖြေရှင်းဖို့က ပြည်ထေင်စုတစ်ခုလုံးရဲ့ ညီညွတ်မှုကိုလည်းထိခိုက်လာနိုင်တယ်။ ဒီလိုမျိုး အကြောင်းအရာတွေက ပြည်ထောင်စုကနေသွားပြီး ကျန်သောလုပ်ပိုင်ခွင့်တွေ အထူးသဖြင့် ပြည်နယ်တွေကို ပေးဖို့လိုတယ်။ ဘာလို့လဲဆိုတော့ ပြည်နယ်သည် သူ့လူထုနှင့် အနီးဆုံးနေတာဖြစ်တဲ့အတွက် သူ့ပြည်နယ်မှာရှိတဲ့ ပဋိပက္ခတွေ ၊ ဒေသ၊ လူမျိုး အခြေအနေ၊ မြေယာ ၊ ကာကွယ် ရမည့် သူ့လူထုတွေရဲ့ အခြေအနေကိုသိတဲ့အတွက် ဒီလိုလုပ်ပိုင်ခွင့်ကိုတော့ ပြည်နယ်ကိုပေးသင့်တယ်။ ပြည်ထောင်စုသည် သူယူရမည့်အရာသည် တစ်နိုင်ငံလုံး နှင့် သက်ဆိုင်သည့် အရာကိုယူပြီး ကျန်တဲ့ဟာကိုသာ ပြည်နယ်တွေကို ခွင့်ပေးမယ်ဆိုရင် ပြည်နယ်ကလည်း ဒီပြည်ထောင်စုပြဋ္ဌာန်းမှုတွေနဲ့အညီ ကိုယ့်ပြည်နယ်ကလည်း လိုအပ်သည့် သီးသန့်ပြဋ္ဌာန်းမှုတွေနဲ့ အခြေခံအနေနဲ့လုပ်သွားမယ်ဆိုရင် ဒါကလည်း ဖက်ဒရယ်၏ အနှစ်သာရဖြစ်သလို ပြည်နယ်မှာလည်း သူ့ရဲ့ပြဋ္ဌာန်းခွင့်တွေ အပြည့်အဝရမယ်၊ အချုပ်အခြာ အာဏာကလည်း သူ့သူကဏ္ဍအလိုက် ဖြစ်လာမယ်ဆိုရင်တော့ အထူးသဖြင့် မြန်မာနိုင်ငံသည် မတူကွဲပြားတဲ့လူတွေနဲ့ စုဖွဲ့တည်ဆောက်ထားတဲ့ ပြည်နယ်တစ်ပြည်နယ်နှင့် တစ်ပြည်နယ် identity ကအစမတူတဲ့အတွက် ပြည်နယ်ကို သီးသန့်လွတ်လွတ်လပ်လပ် ပေးလုပ်ထားပြီး ပြည်ထောင်စုကို သွားမယ်ဆိုရင် ဖက်ဒရယ်ပြည်ထောင်စုကို အနှစ်သာရကောင်းကောင်း တည်ဆောက်သွားမှာဖြစ်သလို ကျမတို့မြန်မာနိုင်ငံကြီးမှာဘဲပြောပြော ပြည်ထောင်စုကြီးမှာဘဲပြောပြော နေထိုင်တဲ့သူက ဒါသည် ငါတို့နဲ့ဆိုင်တယ်၊ ငါတို့သည်လည်း ငါတို့ရဲ့ကဏ္ဍမှာ ပါဝင်ခွင့်ရတယ်။ ငါတို့မှာလည်း ငါတို့ရဲ့ Identity ကို ကာကွယ်ပိုင်ခွင့်ရှိတယ်။ ငါဆို့ မြေယာတွေ၊ လူနည်းစုအခွင့်အရေးကို ကာကွယ်လို့ရတယ်ဆိုတာအပြင် ပြည်ထောင်စုနှင့် ငါတို့ကလည်း တူတူသွားတယ် တူတူတည်ဆောက်ကြတယ် ပြောတာမျိုးတွေဖြစ်လာတယ်။ ဒါကြောင့် ပြည်ထောင်စုသည် သူနဲ့ဆိုင်တဲ့ တစ်ပြည်ထောင်စုလုံးနှင့်ဆိုင်တဲ့ ၊ ပြည်နယ်အချင်းချင်း အငြင်းပွားတာတွေ၊ ပြည်နယ်အချင်းချင်းကြား ညီညွတ်မှုတွေကို တည်ဆောက်နိုင်ဖို့ကိစ္စတွေ နောက်ပြီး ကျမတို့ပြောနေတဲ့ Uniformity ဘဲ ပြောမလား၊ ငွေကြေးကဏ္ဍမျိုးတွေက ပြည်ထောင်စုမှာ အဓိကကိုင်ပြီး နောက်တစ်ခုက နိုင်ငံတကာဆက်ဆံရေးမျိုးမှာ ဒါမျိုးတွေက ပြည်ထောင်စုလောက်ဘဲယူထားပြီး ကျန်တာတွေသည် ပြည်နယ်ကိုပေးလိုက်ပြီး တိကျတဲ့ပြဋ္ဌာန်းမှုကိုလည်း ပြည်ထောင်စုနှင့် ပြည်နယ်ဖွဲ့စည်းပုံမှာလည်း တိတိကျကျပြဋ္ဌာန်းထားမယ်ဆိုရင် နောင်တစ်ချိန်မှာ ပြဿနာမတက်လာဘူး။ ပြည်ထောင်စုမှာလည်း တိတိကျကျပြဋ္ဌာန်းပြီးသားဖြစ်သလို ပြည်နယ်တွေရဲ့ ဖွဲ့စည်းပုံမှာလည်း ပြဋ္ဌာန်းပြီးသားဘဲ ဒီအာဏာခွဲဝေမှုနဲ့ အငြင်းပွားစရာမရှိတော့ဘူး။ ကျမ အစက နိဒါန်းပျိုးထားသလိုဘဲ အာဏာခွဲဝေမှုလို့ပြောရင် ဘယ်လုပ်ပိုင်ခွင့်ကဘယ်မှာရှိရင် ကျမတို့က အလုပ်ကို ထိထိရောက်ရောက် ကျမတို့လူထုကို ကာကွယ်မှုပေးနိုင်မလဲ၊ လူထုတွေရဲ့လိုအပ်ချက်ကို ဖြေရှင်းပေးနိုင်မလဲဆိုတာကို အခြေခံစဉ်းစားမယ်ဆိုရင်တော့ ပြည်နယ်ကို ပေးလိုက်လို့လည်း ပြည်ထောင်စု

ကြီးတွက်က ဘာမှဖြစ်မသွားဘူး။ ဒါက ပြည်ထောင်စုအတွက် ပိုပြီးအားကောင်းလာတဲ့ အနေအထားရှိတယ်ဆိုတာကို ထောက်ပြပြီးတော့ဆွေးနွေးလိုတယ်။ အထူးသဖြင့် ကျမတို့စဥ်းစားရမှာက ဖွဲ့စည်းပုံတစ်ခုရဲ့အောက်မှာ ကျမတို့ တာဝန်ဝင်ယူပြီး အုပ်ချုပ်ရေးယန္တရားတွေကိုယူမယ့် ပြည်သူ့ဝန်ဆောင်မှုကိုပေးတဲ့အတွက် လူထုကို ဘယ်လုပ်ပိုင်ခွင့်ကို ဘယ်အစိုးရကို ဒီပြည်နယ်ရဲ့ လုပ်ပိုင်ခွင့်မှာ ပေး၊ ပြည်ထောင်စုရဲ့ လုပ်ပိုင်ခွင့်မှာပေးရင် ဒီဝန်ဆောင်မှုက ပိုပြီးမြန်ဆန်တယ်၊ ပိုပြီးထိရောက်တယ်ဆိုတာကို ဒီလိုမျိုးကိုစဥ်းစားပြီး လုပ်ပိုင်ခွင့်ကိုပေးတယ်ဆိုရင်တော့ ဒီလိုမျိုးနဲ့အခြေခံစဥ်းစားရင်တော့ ဒါက အကောင်းဆုံး ဖြစ်တယ်။ အာဏာဆိုတဲ့ Political role နဲ့ တစ်ခုနဲ့ ငါအုပ်ချုပ်ပြီး ဘယ်လိုလွှမ်းမိုးမယ်ဆိုတာထက် ငါ ဒီအုပ်ချုပ်ရေးနေရာမှာ ရောက်လာပြီ ဒီလုပ်ပိုင်ခွင့်အာဏာက လူထုကို ဘယ်လောက်ကာကွယ်မှုပေးမလဲ၊ ဘယ်လိုဝန်ဆောင်မှုပေးမလဲ ဆိုတာကို အခြေခံပြီး အာဏာခွဲဝေမှုတွေကို သတ်မှတ်ပါ။

> အထူးသဖြင့် ပြည်နယ်သည် လူထုနဲ့ အနီးကပ်ဆုံး လူထုရဲ့ နေ့စဥ်ပြဿနာကို ဖြေရှင်းရတာဖြစ်သောကြောင့် ဒါတွေနဲ့သက်ဆိုင်သည့် အာဏာကို ပြည်နယ်ကို တိတိကျကျကို ပြည်နယ်ကို ရဲရဲပေးလိုက်တယ်ဆိုရင် ဒါက အကောင်းဆုံးသော အာဏာခွဲဝေမှုကို ဒါတွေကလည်း အာဏာခွဲဝေမှုမှာ ဖြေရှင်းသွားနိုင်မယ်။ ပေးလည်းပေးသင့်တာကို ဆွေးနွေးလိုပါတယ်။

တက်ရောက်သူ မေးခွန်း

မေး - လက်ရှိ တော်လှန်ရေးကာလမှာ တော်လှန်ရေးအရှေ့မြန်ဆန်အောင် ဘယ်လို လုပ်ဆောင်သင့်သလဲ ဒီ တော်လှန်ရေးအရှေ့မှာ ပြောတဲ့အခါ စစ်အာရှင်စနစ် အမြန်ပြုတ်ကျနိုင်ရေးအတွက်ကို အရင်လုပ်ရမယ် ဖက်ဒရယ်ဆိုတာ နောက်မှပြော အခုချိန်မှာလာမပြောနဲ့။ အဲ့လိုဘဲ NLD လက်ထက်မှာလည်း ဒီမိုကရေစီအရင်လုပ်မယ် ဖက်ဒရယ်နောက်မှလို့ ပြောတဲ့အယူအဆတွေလည်းရှိတဲ့အပေါ်မှာ ဆရာမအနေနဲ့ ဘယ်လိုမျိုး သုံးသပ်ချက်ပေးလိုပါသလဲ။

> ပြန်ပြောရမယ်ဆိုရင် အာဏာသိမ်းပြီးနောက်ပိုင်း NUCC လို့ဘဲပြောပြော NUG လို့ဘဲပြောပြော ဒီတိုင်းရင်းသားတွေပါဝင်လာတာက တကယ်က အာဏာသိမ်းဖို့တစ်ခုတည်း မဟုတ်ဘူး။ ခုနက ဆရာမနော်မေဦးပြောသလို စုမိလာတဲ့အကြောင်းအရင်းက ဖက်ဒရယ်ဒီမိုကရေစီကို သွားမယ်ဆိုတာပါလာလို့သာ ကျမတို့စုမိလာတယ်လို့ ကျမတို့ပြောလို့ရတယ်။ စစ်ကောင်စီပြီးမှဘဲ ဒါကိုသွားမယ်ဆိုရင်တော့ ကျမတို့ ဒီတော်လှန်ရေးမှာ အခုလောက်တောင် စုမိမှာမဟုတ်ဘူး။ အဓိက ဒီလောက်ထိစုမိလာတယ်။ ကျမတို့ ကရင်နီဆိုရင် ဒီတော်လှန်ရေးမှာ ထဲထဲဝင်ဝင်ပါဝင်လာတာ အဓိက ဘာကိုအာမခံပြီး ရည်မှန်းချက်သွားတယ်ဆိုတာက အာဏာရှင်စနစ်ကိုဖြုတ်ချပြီးတော့ ဖက်ဒရယ်ဒီမိုကရေစီကိုသွားမှ ရှိသမျှအာဏာရှင်ကို ဖြုတ်ချနိုင်မှာဖြစ်တယ်။

ဒီ ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို တည်ဆောက်မယ်ဆိုတဲ့ အချက်တစ်ချက်နှင့် ၂၀၀၈ ကို ဖျက်ဆီးမယ်ဆိုတဲ့ အချက်ကြောင့်သာ ကျမတို့က သပိတ်ကာလကနေစပြီး ဒီတော်လှန်ရေးထဲကို ထဲထဲဝင်ဝင်ပါဝင်လာရသလိုဘဲ NUG မှာပါဝင်နေတဲ့ တိုင်းရင်းသားအစုအဖွဲ့ အသီးသီးဖြစ်ဖြစ် NUG မှ ကိုယ်စားပြုပြီးပါသွားတဲ့ တိုင်းရင်းသားတွေကလည်း ဒီအချက် (၂) ချက်ကြောင့်သာ စုမိသွားတာ ဖြစ်တယ်။

တကယ်လို့ ဖက်ဒရယ်မသွားဘူး စစ်အာဏာရှင်တစ်ခုဘဲတိုက်မယ် ပြီးမှ နောက်မှ ရှင်းမယ်ဆိုတဲ့ဟာက နှစ်ပေါင်းများစွာတိုင်း နောက်မှ နောက်မှဆိုတဲ့ဟာက ဖြစ်မလာတဲ့အခါမှာ ခုနကပြောသလိုဘဲ အခုကတည်းက တိတိကျကျကို ဒီပေါ်မှာ ယုံကြည်လက်ခံထားဖို့လိုတယ်။ နောက်မှဆိုတာထက် အခုကတည်းက ဖက်ဒရယ်ပြည်ထောင်စုကိုသွားမယ်ဆိုတဲ့ ဟာက အခုကတည်းကရှိမှဘဲ တော်လှန်ရေးက မြန်မြန်ပြီးဆုံးမယ်လို့ အကြံပြုလိုပါတယ်။

နော်မေဦး
အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
နည်းပညာအကြံပေး

မေးခွန်း ၁။ မြန်မာနိုင်ငံရဲ့အနေအထားအရ ဗမာမဟုတ်တဲ့တိုင်းရင်းသားတွေကလည်းပဲ နှစ်ပေါင်းများစွာ ဘေး ဖယ်ကျဉ်ခံထားရတယ်။ ဒါ့အပြင် အမျိုးသမီးများကိုယ်တိုင်ကလည်းပဲ ကျမတို့ဆိုရင် အမျိုးသမီးတွေ ဖြစ်တဲ့အခါမှာ ဒုတိယနိုင်ငံသားအဖြစ် ဆက်ဆံခံနေရတဲ့အချိန်မှာ ဒါတွေကိုဖယ်ရှားပေးနိုင်ဖို့ အမျိုးသမီး တွေအပေါ် လူနည်းစု (minority) အခွင့်ရေးတွေအပေါ်မှာကော တကယ့်ကို ပြီးပြည့်စုံတဲ့တန်းတူရေးကို ရရှိနိုင်ဖို့အတွက် ပြည်နယ်တွေရဲ့ ဖွဲ့စည်းပုံအခြေအခံဥပဒေတွေထဲမှာ ဘာတွေကိုအဓိကထားပြီး ပြဋ္ဌာန်း ထားဖို့လိုအပ်သလဲ၊ တကယ့်ကို ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေတွေထဲမှာရော ဘာတွေကိုအဓိက ထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အာမခံချက်ရှိအောင် ထားရမယ့်အနေအထားမျိုးမှာ ဘာကြောင့်လိုအပ် သလဲဆိုတာကို ကျမတို့ကိုနားလည်အောင် ဖလှယ်ပေးဖို့ ဖိတ်ခေါ်ပါတယ်။ အထူးသဖြင့် ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွေထဲမှာ အခြေခံမူနဲ့ ဘာတွေကိုထည့်သွင်းစဉ်းစားပြီးတော့၊ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေတွေထဲမှာ ဒီလိုမျိုး ခွဲခြားဆက်ဆံမှုမရှိအောင် ၊ မလေ့ထုံတမ်းအရ ခွဲခြား ဆက်ဆံမှုမရှိအောင် ဘာတွေကို အဓိကထားပြဋ္ဌာန်းထားသင့်သလဲ။ ဘယ်လိုကွာခြားမှုရှိအောင် ပြဋ္ဌာန်း ထားပေးသင့်သလဲ။

နော်မေဦး -

ခုနတုန်းကဆရာ ဦးအောင်ထူးက နိုင်ငံတကာပြည်ထောင်စုနိုင်ငံတွေရဲ့ ဖွဲ့စည်းပုံတွေနဲ့အတူ ပြည် ထောင်စုနိုင်ငံအဖွဲ့ဝင်တွေနဲ့ သက်ဆိုင်ရာပြည်နယ်အသီးသီးရဲ့ ဘယ်လိုချိတ်ဆက်မှုရှိသလဲဆိုတာကို ဥပမာ ပေးပြီးပြောသွားတယ်။ ကျမတို့ တိုင်းပြည်အတွက်စဉ်းစားတဲ့အခါမှာ ကွက်ကွက်ကွင်းကွင်း မြင်နိုင်လိမ့်မယ် အထောက်အကူဖြစ်လိမ့်မယ်။ အထူးသဖြင့် ဖွဲ့စည်းပုံမှာ အမျိုးသမီးတွေအတွက် တန်းတူရေး၊ လူနည်းစု များအတွက် တန်းတူရေးကို အကောင်အထည်ဖော်ဖို့ ဖွဲ့စည်းပုံဆိုင်ရာပြဋ္ဌာန်းချက်ပြောတဲ့အခါမှာ ကျမတို့ ပြည်ထောင်စုဖွဲ့စည်းပုံရဲ့ အခန်းကဏ္ဍ၊ ပြည်နယ်ဖွဲ့စည်းပုံရဲ့ အခန်းကဏ္ဍ သဘောပေါက်တယ်ဆိုရင် ခုနက ပြောတဲ့အချက်တွေကို ဆွေးနွေးညှိနှိုင်းကြတဲ့အခါမှာ အထောက်အကူဖြစ်မယ်လို့ ယုံကြည်တယ်။ ပြည် ထောင်စုတည်ဆောက်မယ် ဖွဲ့စည်းပုံအခြေခံဥပဒေလိုတယ်လို့ ပြောတဲ့အခါမှာ ပြည်ထောင်စုဖွဲ့စည်းပုံ အခြေအခံဥပဒေကို ရေးဆွဲတဲ့အခါမှာ ဘယ်သူမှအငြင်းမပွားကြဘူး။ တိုင်းပြည်မှာ ပြည်ထောင်စုစနစ်နဲ့ သွားသည်ဖြစ်စေ၊ တစ်ပြည်ထောင်စနစ်နဲ့သွားသည်ဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုချင်ကြတယ်။ ရှိရမယ်လို့လည်း ကျမတို့က သဘောထား၊ သဘောတရားအရ သဘောတူတယ်။ အငြင်းပွားစရာဖြစ်နေ တာက ဒီကနေ့အထိ သဘောတူချက် ရှင်းရှင်းလင်းလင်းမရှိနေတာက ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တွေ ဟာ သူတို့ သက်ဆိုင်ရာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရှိသင့်မရှိသင့်ဆိုတာကို အငြင်းပွားတာတွေ ဖြစ်နေတယ်။ ပြည်ထောင်စုစနစ်နဲ့ ချီတက်ကြမယ်လို့ဆုံးဖြတ်ထားတဲ့ ဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေ ကတော့ ပြည်နယ်အသီးသီးရဲ့ ဖွဲ့စည်းပုံရေးဆွဲဖို့ဆိုတာ ဘယ်သူ့ကိုမှလည်း မေးဖို့မလိုဘူး၊ တိုင်ပင်စရာ

မလိုဘူး။ ရေးဆွဲရမယ်ဆိုတဲ့နားလည်မှုက ရှိထားပြီးတာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြည်ထောင်စုကြီး ထဲမှာ စုဖွဲ့နေထိုင်ကြတဲ့အခါ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်ဖွဲ့စည်းပုံရေးဆွဲတဲ့အခါ အငြင်းပွား ဖွယ်တွေ ဖြစ်လာတာပေါ့။ ကျမမြင်တာက ပထမ (၁) ချက်က ဖွဲ့စည်းပုံရဲ့အနှစ်သာရ အရေးပါပုံမြင်တယ် နားလည် တယ်ဆိုရင် အငြင်းပွားစရာ အကြောင်းလျော့တယ်။ ဖွဲ့စည်းပုံမှာ ဘယ်လိုပြဋ္ဌာန်းမလဲဆိုတာကို လက်တွေ့ ကျကျ စဉ်းစားမယ်။ ပြည်နယ်ဖွဲ့စည်းပုံရေးဆွဲတာက အဲလောက်ကြီး ပြောစရာမရှိဘူး။ သို့သော် ပြည်နယ် ဖွဲ့စည်းပုံမှာ အငြင်းပွားမှုကရှိတော့ ဘာကြောင့် ပြည်နယ်ဖွဲ့စည်းပုံကို ရေးဆွဲကြသလဲ ။ ရေးဆွဲဖို့လိုသလဲ၊ ပြည်နယ်ဖွဲ့စည်းပုံရေးဆွဲရေးလို့ ဆိုတဲ့အခါမှာ များသောအားဖြင့် အခြားပြည်ထောင်စုမှာ ခုန ဦးအောင်ထူး ဥပမာပေးခဲ့တဲ့ ပြည်ထောင်စုတွေမှာရော အခြားပြည်နယ်ဖွဲ့စည်းပုံရေးဆွဲခဲ့တဲ့ သမိုင်းနောက်ခံတွေကို လေ့လာရင် အကြောင်းအရင်းတွေရှိတယ်။ အဓိကအားဖြင့် ၂ ခုလောက်ကို ကောက်နုတ်လို့ရတယ်။

တစ်ခုက သမိုင်းအကြောင်းအရ ခုန ဦးအောင်ထူးပြောသလို တချို့ပြည်နယ်တွေဟာ သူတို့ရဲ့ဖြစ် တည်မှုက အရင်လာတာ။ ပြီးတော့မှ ပြည်ထောင်စုကို စုဖွဲ့ကြတယ်ဆိုတဲ့အခါမှာ သူတို့ရဲ့အချုပ်အခြာအာ ဏာပိုင်မှုကို အသိအမှတ်ပြုတာ၊ အချုပ်အခြာအာဏာပိုင်မှုကို သုံးဆွဲတဲ့အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ကိုပြဋ္ဌာန်းပြီး သုံးဆွဲတာ ဒါကသဘာဝအလျောက် နားလည်ယူလို့ရတဲ့ကိစ္စ ဒါဟာသမိုင်းကြောင်းအရဖြစ် တယ်။

နောက်တခု ပြည်နယ်ဖွဲ့စည်းပုံရှိဖို့ စဉ်းစားလာရတဲ့အကြောင်းအရင်းက ထိရောက်တဲ့လုပ်ငန်း အလုပ်လုပ်နိုင်ဖို့အတွက် (ဖက်စင်နယ်) စီမံခန့်ခွဲအုပ်ချုပ်တဲ့ကိစ္စအဝဝမှာ ပိုပြီးစနစ်တကျရှိဖို့ ပိုပြီးထိ ရောက်ဖို့ ပိုပြီး တာဝန်ယူမှုတာဝန်ခံမှု ကောင်းမွန်ဖို့၊ အားကောင်းဖို့ဆိုတဲ့ရည်ရွယ်ချက်တွေနဲ့ လုပ်ငန်းပိုင်း မှာ အထောက်ကူဖြစ်တယ် အထောက်အကူဖြစ်မယ်လို့ ယူဆကြတယ်။ ဒီအတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ထားကြတယ်။ ကျမတို့တိုင်းပြည်မှာလည်း ဒီ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေက ရေးဆွဲတယ်ဆို တာ သဘာဝကျတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီး အစကနေ တိုင်းပြည်သစ်၊ နိုင်ငံသစ်ကိုထူထောင် ပြီး စနစ်သစ်ကိုလည်း ကျင့်သုံးရမှာဖြစ်တယ်။ တစ်ပြည်ထောင်ကနေ ပြည်ထောင်စုစနစ် ဖွဲ့စည်းပုံအခြေခံဥ ပဒေကို အရေးပါတယ်လို့မြင်တယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ဒီလိုပြဋ္ဌာန်းချက်တွေမှာ တန်းတူရေး နဲ့ပတ်သက်တဲ့ ပြဋ္ဌာန်းချက်တွေက ကျမတို့အလုပ်ဖြစ်မြောက်ဖို့အတွက် သမိုင်းကြောင်းကိုလည်း အသိမှတ် ပြု ထည့်သွင်းစဉ်းစားတာ တဖက်ကလည်း စီမံခန့်ခွဲအုပ်ချုပ်တဲ့ လုပ်ငန်းအဝဝမှာ တာဝန်ယူမှု၊ တာဝန်ခံမှု အားကောင်းအောင် ထိရောက်မြန်ဆန်မှုရှိအောင် ဘယ်လိုပြဋ္ဌာန်းချက်တွေက ကျမတို့ရည်မှန်းတဲ့ ပြည် ထောင်စုကို အကောင်အထည်ဖော်နိုင်တဲ့ အထောက်အကူပြုမလဲဆိုတာကို လမ်းညွှန်မလဲဆိုတာ ကျမယူဆ တယ်။ တန်းတူမှုနဲ့ပတ်သက်ပြီးတော့ စဉ်းစားတဲ့အခါမှာ ပထမဦးဆုံးက FCDCC ဆရာ ဦးအောင်ထူးတို့ ကိုတိုင် ပါဝင်ခဲ့ဖူးတဲ့ ဖွဲ့စည်းပုံရေးဆွဲတဲ့ဖြစ်စဉ် အထူးသဖြင့် ပထမအကြိမ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း အတိုက် အခံအင်အားစု၊ တော်လှန်ရေးအင်အားစုတွေက လုပ်ဆောင်ခဲ့တဲ့လုပ်ငန်းဖြစ်တယ်။ ဒီဖွဲ့စည်းပုံ မူကြမ်း တွေကို ပြန်ကြည့်မယ်ဆိုရင် နောက်ဆုံး FCDCC မူကြမ်းမှာအထိပေါ့လေ အခြေခံမှု တစ်ဦးတစ်

ယောက်ချင်းစီရဲ့ အခွင့်အရေး၊ အုပ်စု အခွင့်အရေး၊ လူမျိုးစုပဲဖြစ်ဖြစ်၊ အုပ်စုအခွင့်အရေးကို အာမခံတာ အခြေခံ အခွင့်အရေးတွေနဲ့ ပြဋ္ဌာန်းထားတာဖြစ်တယ်။ ဒီအထဲမှာမှ ကျမတို့အမျိုးသမီးတွေရဲ့ အခွင့်အရေး အမျိုးသမီး အခန်းကဏ္ဍကို ပြဋ္ဌာန်းတာရှိတယ်။ ဖက်ဒရယ်ရှာတာမှာဆိုရင် အခြေခံမူ၊ အခွင့်အရေးတွေကို အသိအမှတ်ပြု ပြဋ္ဌာန်းဖို့ဆိုတာက သဘောထားရှိတယ်။ ဒါတွေကိုကြည့်လိုက်ရင် ပြည်ထောင်စုဖွဲ့စည်းပုံ ထဲမှာ အခွင့်ရေးရှုထောင့်ကနေပြီးတော့ နိုင်ငံသားအခွင့်ရေးရှု့ထောင့်၊ အမျိုးသမီးတွေရဲ့တန်းတူရေး အမျိုးသမီးအခွင့်ရေး စတာတွေကိုစဉ်းစားတယ်။ ဒါဟာအဆန်းမဟုတ်ဘူး။ အထူးသဖြင့် နောက်ပိုင်းနိုင်ငံ သစ်တွေမှာ ကျမတို့ တွေ့ရမယ် ပြဋ္ဌာန်းချက်တွေကို ဒါတွေက ကျမတို့သမိုင်းနောက်ကြောင်း ဖြတ်သန်းလာ ခဲ့ရတာတွေကို ထည့်သွင်းစဉ်းစားပြီးတော့ အနာတရဖြစ်ခဲ့တာတွေ၊ နစ်နာခဲ့တာတွေကို ပြန်ကုစားဖို့ ဖြည့်စွက်ပြီးတော့ ပြည့်ပြည့်စုံစုံရှိအောင် တစ်ချို့ဖွဲ့စည်းပုံတွေက အခြားဖွဲ့စည်းပုံတွေထက် ပိုပြီးပြည်စုံ အောင် ဖြည့်စွက်ပြဋ္ဌာန်းတာကို တွေ့ရမယ်။ တောင်အာဖရိကနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုရင် တော်တော်လေး ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းထားတာကို တွေ့ရမယ်။ အမေရိကန်ပြည်ထောင်စုဖွဲ့စည်းပုံထက် ၊ တောင်အာဖရိက ဖွဲ့စည်း ပုံက အထူးသဖြင့် သမိုင်းနောက်ကြောင်းမှာ ဖြစ်ခဲ့တဲ့အကြောင်းအရာတွေကို အခြေခံပြီးတော့ ပြန်ကုစားတဲ့အနေနဲ့ အနာဂတ်မှာ ဒီအဖြစ်မျိုးတွေရှောင်ရှားနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက် နဲ့ရော ပြည့်ပြည့်စုံစုံလေး ဖြည့်စွက်ပြဋ္ဌာန်းတာကို ကျမတို့တွေ့ရမယ်။ ကျမတို့တိုင်းပြည်မှာလည်း အဲ့သလိုမျိုးစဉ်းစားနိုင်ဖို့ လိုမယ်လို့မြင်တယ်။ ဒါ ပြည်ထောင်စုအဆင့်မှာ နောက်တခါ ပြည်ထောင်စုစု ဖွဲ့ရတဲ့ အကြောင်းအရင်းမှာ မတူကွဲပြားစုံလင်မှုတွေရှိလို့ အကြောင်းအရင်းတော့ အများကြီးရှိမယ်ပေါ့။ သို့သော် အကြောင်းအရင်းတွေအများ ကြီးထဲက မတူကွဲပြားစုံလင်မှုတွေရှိလို့ ဒီအထဲမှာမှ လူမျိုး၊ ဘာသာ၊ ကိုးကွယ်ယုံကြည်မှု၊ ပြောတဲ့စကား ဘာသာ ဒါတွေပေါ့ ဒါတွေကြောင့် ပြည်ထောင်စုစနစ်ကိုစဉ်းစား တာလည်း ဖြစ်တယ်။

> **မတူကွဲပြားစုံလင်မှုတွေက သက်ဆိုင်ရာ ပြည်နည်အသီးသီးမှာ ရှိကြတာဖြစ်တယ်။ ပြယ်နယ်တွေထဲမှာလည်း အခြေခံအခွင့်ရေးတွေနဲ့အတူ တန်းတူရေး၊ လူနည်းစုတန်းတူရေး၊ ကျား/မတန်းတူရေး စတာတွေကို လက်တွေ့ အကောင်အထည်ဖော်နိုင်ဖို့အတွက် ပြည်ထောင်စုရဲ့စုံတန်ဖိုးထဲမှာ ဒါတွေပါသလို ပြည်နယ်ဖွဲ့စည်းပုံထဲမှာလည်း လက်တွေ့ကျကျ အကောင်အထည်ဖော်ရမှာက ပြည်နယ်တွေဖြစ်တဲ့အလျောက် ပြည်နယ်ဖွဲ့စည်းပုံထဲမှာလည်း ဒီလိုပြဋ္ဌာန်းချက်မျိုး ပါဖို့လိုတယ်။**

ဒါက ယေဘုယျ ကျမအနေနဲ့ ဆွေးနွေးချင်တာဖြစ်တယ်။ သမိုင်းနောက်ကြောင်း အတွေ့အကြုံ တွေကိုအခြေခံပြီးတော့ ပြန်ကုစားနိုင်ဖို့စဉ်းစားပြီး ပြဋ္ဌာန်းတာရှိသလို ကျမတို့အနာဂတ်ကို ဖော်ဆောင်နိုင် ဖို့ကိုလည်း ပြဋ္ဌာန်းရတာရှိတယ်။ ကျမတို့ နိုင်ငံရေးသမိုင်းကြည့်ရင် မညီမျှခဲ့တာ၊ မတရားခဲ့တာ၊ နိုင်ထက်စီး နင်းပြုခဲ့တာ လွှမ်းမိုးဖို့ကြိုးစားခဲ့တာ၊ ဒါတွေကို ကျမတို့က ရှောင်ရမှာဖြစ်တယ်။ ဒါတွေကိုရှောင်ပြီးတော့

တန်းတူရေး၊ လူမျိုး၊ ဘာသာ၊ လိင်စိတ်ခံယူကွဲပြားမှု၊ ခွဲခြားမှု အားလုံးမရှိတဲ့ဟာကိုအခြေခံပြီး တန်းတူရေးကို ဖော်ဆောင်ဖို့ဆိုတဲ့အခါမှာ အခွင့်ရေးတွေကို အာမခံပြဋ္ဌာန်းခြင်းအားဖြင့် ပြည်ထောင်စုမှာရော၊ ပြည်နယ်မှာရော တန်းတူရေးကို လမ်းညွှန် အထောက်အကူပေးမယ်လို့ ကျမအနေနဲ့ ပထမဦးဆုံး ဆွေးနွေးလိုပါတယ်။

မေးခွန်း ၂။ တစိုက်မတ်မတ် ဗမာပြည်မှာပါဝင်နေတဲ့ ဗမာလူမျိုးစုတွေရဲ့ ဖက်ဒရယ်အရေးလို့ ပြောတဲ့အခါမှာ ဗမာတွေလည်းပဲ တိုင်းရင်းသားလူမျိုးတခုဖြစ်တယ်၊ ဒါကြောင့် ဗမာပြည်နယ်ဆိုတဲ့ပါဝင်မှုကို ဘယ်လိုပုံစံမျိုးနဲ့ ဖော်ဆောင်လို့ရသလဲ၊ တစ်ချို့ရဲ့အတွေးအခေါ်တွေက ဘယ်လိုမြင်သလဲဆိုတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေလို့ပြောရင် နင်တို့နဲ့ဆိုင်တယ်၊ ပြည်နယ်တွေပဲလုပ်ပါ၊ ငါတို့တိုင်းနဲ့မဆိုင်ဘူး၊ ခုလောလောဆယ် မြန်မာပြည်မှာက တိုင်းနယ်/ပြည်နယ် ဆိုပြီးတော့မှ ခွဲခြားအုပ်ချုပ်နေတဲ့အနေအထားမှာ ရှိတဲ့အခါကြတော့ တိုင်းတွေမှာနေတဲ့ ဗမာအများစုတွေသည် ပြည်နယ်တွေရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာက ပြည်နယ်တွေပဲ သက်ဆိုင်တယ် ငါတို့နဲ့မသက်ဆိုင်ဘူး။ မင်းတို့ပြည်နယ်မှာ နေတဲ့သူတွေပဲလုပ်ကြပါ ငါတို့ အားပေးတယ်ဆိုတဲ့ပုံစံမျိုး ပြောဆိုနေတဲ့အနေအထားမှာရှိတယ်။ သို့ပေမယ့်လို့ ကျမတို့နားလည်တဲ့ ဖက်ဒရယ်ဆိုတာသည် ပြည်နယ်တိုင်း ဖက်ဒရယ်ယူနစ်တိုင်း ၊ တိုင်းလို့ပဲခေါ်ခေါ် ဘာလို့ပဲခေါ်ခေါ် ယူနစ်တိုင်းမှာ ရန်ကုန်ခေါ်ခေါ်၊ မန္တလေးခေါ်ခေါ် အဲ့ဒီမှာရှိနေတဲ့ ပြည်သူလူထု၊ အဲ့ဒီမှာ ရှိနေတဲ့အစိုးရက ဖက်ဒရယ်အစိုးရလို့ ပြောပြီဆိုရင် သူရဲ့ ဖွဲ့စည်းပုံနဲ့သူ သူ့ရဲ့ ပြည်သူလူထုကို အုပ်ချုပ်ရမယ့် အနေအထားမှာရှိရမယ်ဆိုတာကို နားလည်တယ်။ ဒါကြောင့်မို့ လက်ရှိကာလမှာဆိုရင် တော်လှန်ရေးအရှေ့ကို ပိုရွှေ့နိုင်ဖို့အတွက် ဖက်ဒရယ်စနစ်တွေပိုပြီး သန္ဓေတည်နိုင်ဖို့အတွက် ပြည်နယ်တွေရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေလို့ ပြောတဲ့အခါမှာ ဗမာတိုင်းရင်းသားတွေက ဘယ်လောက်ထိ အရေးပါသလဲ။

နော်မေဦး -

ဖွဲ့စည်းပုံရှု့ထောင့်ကပဲဖြစ်ဖြစ်၊ ပြည်ထောင်စုရှု့ထောင့်ကပဲဖြစ်ဖြစ် သာမန် ဗမာစာဖတ်တတ်၊ ဗမာစကားနားလည်တဲ့လူတွေ နားလည်လောက်မယ့်အဆင့်နဲ့ ကျမရေးတာတွေရှိတယ်။ ရေးပြီး အားလုံးဖတ်နိုင်မယ့်နေရာတွေမှာ မျှဝေထားတာတွေရှိတယ်။ အဲလိုမျှဝေလိုက်တဲ့အပေါ်မှာ ကျမ အမြင်တော့ဖြစ်တယ် သို့သော်လည်း ဒီတိုင်းပြည်ရဲ့ နိုင်ငံရေးအခင်းအကျင်းတခုမှာ ကာလကြာမြင့်စွာပါဝင်ခဲ့တဲ့ လူတစ်ယောက်အနေနဲ့ရော ၊ ဘာသာရပ်ပိုင်းဆိုင်ရာမှာ လေ့လာနေတဲ့ လူတစ်ယောက်အနေနဲ့ရော သုံးသပ်ပြီးရေးတာဖြစ်တယ်။ ဗမာပြည်နယ်ကိစ္စ ၊ ဗမာလူမျိုးတွေရဲ့ ပြည်ထောင်စုထဲပါဝင်တဲ့ ကိစ္စကလည်း ကျမတို့ပြည်ထောင်စုတည်ဆောက်မယ်လို့ ပြောတဲ့အခါမှာ ဗမာမဟုတ်တဲ့တိုင်းရင်းသားတွေ ပြောလာတာတော့ကြာပြီပေါ့လေ။ ဒါကလည်း သူတို့ရဲ့ဖြစ်တည်မှုအပေါ်မှာ ဖိနှိပ်ခွဲခြားဆက်ဆံရတဲ့ အခြေအနေတွေရှိလာ

တဲ့အခါမှာ ဒီနိုင်ငံထဲမှာနေမယ်ဆိုရင် ၊ ဒီပထဝီထဲမှာနေကြမယ်ဆိုရင် ဘယ်လိုနေမှ သူတို့အတွက် အဆင်ပြေမလဲ၊ ဒီပထဝီထဲက အခင်းအကျင်းတွေ ပဋိပက္ခတွေ ချုပ်ငြိမ်းနိုင်ဖို့ဆိုရင် ဘယ်လိုမျိုးမှအဆင်ပြေမလဲ စဉ်းစားတဲ့အခါမှာ ဗမာမဟုတ်တဲ့တိုင်းရင်းသားတွေက တောက်လျှောက် ခွဲခြားဖိနှိပ်ခံရတဲ့အတွက် ဒါတွေကို စဉ်းစားတယ်။ သူတို့ရဲ့ဖြစ်တည်မှုအပေါ်မှာ ခွဲခြားဆက်ဆံခံရတဲ့အတွက်ကြောင့် ဖိနှိပ်ခွဲခြားဆက်ဆံခံရမှု တွေကကင်းလွတ်အောင် ပိုမိုကောင်းမွန်တဲ့ အခင်းအကျင်းဖြစ်အောင် စဉ်းစားကြတယ်။ စဉ်းစားတဲ့အခါမှာ ပြည်ထောင်စုစနစ်ကို စဉ်းစားတယ်။ ဒါကလည်း တဖက်ကကြည့်ရင် သဘာဝကျတယ်။ လွတ်လပ်ချင်တယ်၊ ကိုယ့်အခွင့်အရေးနဲ့ကိုယ်နေချင်တယ်၊ လူမျိုးဂုဏ်သိက္ခာနဲ့ ထည်ထည်ဝါဝါနေချင်တဲ့အခါ ဒါတွေစဉ်းစားတယ်။ ဒါပေမယ့် တစ်ဖက်က ဒီပထဝီနယ်နမိတ်ကြီးထဲမှာ သမိုင်းတုန်းက ဘယ်လိုပဲရှိခဲ့ရှိခဲ့ အင်္ဂလိပ် ကိုလိုနီတွေက သွတ်သွင်းပြီးတော့ မြန်မာနိုင်ငံကြီးဖြစ်လာတယ်။ ဒီ နယ်နမိတ်ကြီးထဲအတူတူနေကြတဲ့ကာလမှာ ဒီနယ်နမိတ်ကြီးရဲ့ ပြဿနာကိုဖြေရှင်းဖို့ နည်းလည်းရှာတာကို ပြည်ထောင်စုစနစ်က သင့်တော်တယ်လို့ မြင်တာ ကျမတို့ကြီးမြင်လို့မရဘူး။ ဒီနယ်နိမိတ်ထဲ နေမယ့်သူအားလုံးအထူးသဖြင့် ဗမာလူမျိုးတွေကလည်း ဒီပြဿနာရဲ့ အဖြေကိုရှာဖို့ အားလုံးကစဉ်းစားနေတဲ့ ဒီစနစ်ဟာငါတို့အတွက်ရော ဘယ်လိုရှိသလဲ ၊ ငါတို့ရဲ့ အခန်းကဏ္ဍကရော ဘယ်လိုဖြစ်သင့်သလဲဆိုတာ သူတို့စဉ်းစားရမယ်။ ဗမာတွေစဉ်းစားရမယ် ကျမတို့ကလည်း ဗမာတွေနဲ့တူတူနေရာမှာ ဖြစ်တဲ့အခါမှာ ဗမာကိစ္စဗမာပြောမယ် ကရင်ပြောစရာမလိုဘူးပေါ့ ဒါတွေလည်းရှိလာတယ်။ ဒါပေမယ့် အားလုံးသိတဲ့အတိုင်းပဲပြည်ထောင်စုရဲ့ပြဿနာ ဒီနိုင်ငံရဲ့ပြဿနာကို ပြည်ထောင်စုစနစ်နဲ့ စုဖွဲ့တည်ဆောက်ခြင်းအားဖြင့် ရှင်းနိုင်ဖို့ကြိုးစားတာဖြစ်တယ်။ ဗမာလူမျိုးရဲ့ အခန်းကဏ္ဍကပါတယ်။

> ဗမာလူမျိုးက ဘယ်ရှုထောင့်၊ ဘယ်အခန်းကဏ္ဍကပါမလဲဆိုတာ ဗမာရွေးချယ်ရမှာဖြစ်တယ်။ မရွေးချယ်ရင် ကျမတို့မေးခွန်းထုတ်စရာရှိတာက ဒီအတိုင်းပဲသွားချင်နေတာလား? ၊ စစ်ဖြစ်ပြီးတိုင်းပြည်နလန်မထူနိုင်တဲ့တော်ရုံတန်ရုံ သာမန်ပြည်သူတွေက အခွင့်အရေးမရ၊ တိုင်းပြည်လည်းမတိုးတတ်၊ အာဏာရှင်လက်တစ်ဆုပ်စာလောက်ပဲတိုးတတ်ကြီးပွားနေတဲ့ အခင်းအကျင်းမျိုးကို ဆက်သွားချင်သလား၊ ဒါမှမဟုတ် ဒီအခင်းအကျင်းကို အပြောင်းအလဲလုပ်ပြီးတော့ စုဖွဲ့တည်ဆောက်မှုအသစ်နဲ့ လူမျိုးအားလုံး အေးအတူပူအမျှ ငြိမ်းချမ်းစွာယှဉ်တွဲနေနေထိုင်နိုင်တဲ့စနစ်ကို ကျမတို့က ဝိုင်းပြီးတည်ဆောက်ကြမလားဆိုတာကို ဗမာတွေက ဒီမေးခွန်းကိုဖြေရမယ်။ ဖြေတဲ့အခါမှာဘယ်ပုံနဲ့ဗမာပါမလဲဆိုတာ ဗမာရွေးချယ်ရမှာဖြစ်တယ်။ ကျမပြောလို့မရဘူး။ ဘယ်သူမှလည်းပြောပိုင်ခွင့်မရှိဘူးလို့ ကျမနားလည်တယ်။ ကျမတို့ဗမာတွေ ဟိုလိုနေရမယ်၊ ဒီလိုနေရမယ်လို့၊ ဗမာတွေရဲ့အခန်းကဏ္ဍဒီလိုရှိရမယ်ဒီလောက်ကလေးပြောတာတောင်မှ ဗမာကိစ္စကို ကရင်ပြောစရာမလိုဘူးလို့ ဖြစ်လာတဲ့အခါမှာ ကျမတို့ပြောလို့မရဘူး အလကားပြဿနာရှာသလိုဖြစ်မယ်။ ဗမာတွေ ဘယ်ကဏ္ဍ၊ ဘယ်ရှုထောင့်ကပါမလဲဆိုတာ ဗမာတွေရွေးချယ်မှသာလျှင် တိုင်းပြည်၊ ဒီနယ်နိမိတ်ထဲမှာရှိတဲ့ပြဿနာကို ဖြေရှင်းနိုင်မှာဖြစ်တယ်။

ဆရာမဖောဝါးပြောခဲ့တဲ နိုင်ငံရေးစိတ်ဆန္ဒနှင့် ခုန ဆရာအောင်ထူးပြောခဲ့တဲ့ ကောင်းမွန်တဲ့အချက်အလက်တွေပါတဲ့ ချက်တာတွေ ရေးဆွဲတယ်၊ ဟိုအရင်က FCDCC ရေးဆွဲတယ်၊ စာရွက်ပေါ်မှာပြ၊ ဒီဟာတွေ

ပြောပြီးတော့ အစည်းဝေးတွေမှာ စကားလုံးတွေ တွင်တွင်ကျယ်ကျယ် ဈေးပေါပေါပြောပြီးတော့ လက်တွေ့အလုပ်လုပ်ရမယ်ဆိုတဲ့အခါမှာ ကျူးကျူကျော်ကျော် လုပ်တာတွေ၊ စော်စော်ကားကား လုပ်တာတွေ ချိုးဖောက်တာတွေ ကျမတို့ တွေ့ရတယ်။ ဒါဟာ ကျမတို့ ခုန ဆရာမဖောဝါးပြောတဲ့ နိုင်ငံရေးစိတ်ဆန္ဒ၊ စိတ်စေတနာ၊ ဒီတိုင်း ပြည်မှာ ကျမတို့ အေးအတူပူအမျှ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်မယ့် စိတ်ဆန္ဒရှိမရှိ၊ ဟုတ်မဟုတ်ဆိုတာကို မေးခွန်းထုတ်ဖို့လိုတယ်လို့ ကျမမြင်တယ်။ အဲတော့ ပြည်ထောင်စုစနစ်နဲ့ တည်ဆောက်မယ်၊ ဖွဲ့စည်းပုံတွေ ရေးဆွဲကြမယ်ဆိုတဲ့အခါမှာ ခုန ဆရာ အောင်ထူးက လည်း စဉ်းစားဖို့ပြောတယ်၊ ဘယ်ပုံနဲ့ စုဖွဲ့မလဲဆိုတာ ဒါ အဓိကကျတယ်၊ အခြေခံကျတယ်။ လူမျိုးအခြေပြု ပြည်ထောင်စုနဲ့သွားမလား၊ ပထဝီအခြေပြုစုဖွဲ့တဲ့ ပြည်ထောင်စုနဲ့သွားမလား၊ သို့မဟုတ် ကျမတို့ရဲ့ နိုင်ငံအခင်းအကျဉ်းဖြစ်ခဲ့တဲ့ သမိုင်းနောက်ကြောင်းအရ၊ တစ်ချို့ပြည်နယ်တွေက လူမျိုးအခြေပြုစုဖွဲ့တာရှိမယ်။ တစ်ချို့ပြည်နယ်တွေကတော့ ပထဝီအခြေပြု စုဖွဲ့တာဖြစ်မယ် ဒါကလည်းအသစ်မဟုတ်ဘူး၊ စဉ်းစားခဲ့ပြီးတာဖြစ်တယ်။ သေချာတာက ကျမတို့ရဲ့ ပြည်ထောင်စုစုဖွဲ့မှုမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ အစုအဖွဲ့တွေဖြစ်မယ်။ အဲဒီ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုကျင့်သုံးတာ လူမရှိတဲ့ပြည်နယ်က ကျင့်သုံးလို့မရဘူး။ လူကကျင့်သုံးရ မှာဖြစ်တယ်။

ဗမာက ဘယ်ကဏ္ဍကပါမလဲ ဘယ်ရှု့ထောင့်က သူပါမလဲဆိုတာ ဗမာတွေရွေးချယ်ဖို့လိုတယ်။ သေချာတာက လက်ရှိ တိုင်း (၇) တိုင်းကနေ ဗမာမဟုတ် တဲ့တိုင်းရင်းသာတွေ ကိုယ့်ဘာသာရေးဆွဲကြ တိုင်းတွေကမလိုဘူး။ လောလောဆယ် ဗမာက ပြည်နယ် မရှိဘူး နံပါတ် (၁) တစ်ချက် တိုင်း (၇) တိုင်း ကိစ္စ မပြောပဲ ပြည်နယ်တွေ ကိုယ့်ဘာသာရေးဆွဲကြ ဗမာတွေကကိစ္စမရှိဘူး အဲပုံစံဆိုတော့ ဘာကိုဆိုလို ရည်ညွှန်းရာ ရောက်သလဲဆိုတော့ တိုင်း (၇) တိုင်း က ဗမာပြည်နယ်ပုံစံမျိုး သို့မဟုတ် ဗမာ တိုင်း ပုံစံမျိုး ဖြစ်တယ်။ အဲလိုဆိုရင်လည်း အဲသလို ရှင်းရှင်းပြောလို့ရတယ်။ ကျမနားလည်တာက ဗမာတွေက ဒီလိုယူဆတယ် ဒီလိုယူမယ်ဆိုတာကို ရှင်းရှင်းပြောရင် ကျမတို့ညှိမယ်။ နိုင်ငံရေးစကားဝိုင်းမှာ။ ဒါပေမယ့် ဟိုလိုလို ဒီလိုလိုပြောနေတဲ့ ကိစ္စက ဆရာမဖောဝါး ပြောသလိုပဲ ကျမတို့သွားချင်တဲ့ပန်းတိုင်ကို မရောက် ခရီးမတွင်ဘူး ဖြစ်နေတယ်၊ အဟန့်အတားတွေဖြစ်နေတယ်။ အင်အားစုစည်းဖို့ဆိုလည်း မယ်မယ်ရရစုစည်းလို့မရ သွားကြမယ်ဆိုလည်း ကျမတို့သွားလို့မရဆိုတော့ ကျမတို့ နံပါတ် (၁) စုဖွဲ့မလား မစုဖွဲ့ဘူးလား၊ ဘယ်သူ့ကိုမှ ကျမတို့ အတင်းအဓမ္မစုဖွဲ့ရမယ်လို့ ပြောလို့မရဘူး။ ကချင်ကိုပြောလို့မရသလို ကရင်ကိုလည်းပြောလို့မရဘူး၊ ဗမာကိုလည်းပြောလို့မရဘူး။ သို့သော် စုဖွဲ့မယ်လို့ပြောပြီးတဲ့သကာလမှာ ဟိုလိုလိုဒီလိုလို တိုင်း (၇) တိုင်းက ဗမာ တိုင်းလိုလို ဗမာ ပြည်နယ်ဖွဲ့ဆို တော့ ကရင်ဝင်ပြောစရာမလိုဘူး။ တိုင်း (၇) တိုင်း ကိစ္စကျတော့ တိတ်နေတယ်။

အခု NUG ဝန်ကြီးကလည်း ပြောတယ်၊ အုပ်ချုပ်ရေးကိစ္စ ကျနော်တို့ ပြည်နယ်တွေမှာ ဝင်မလုပ်ဘူး။ တိုင်းထဲမှပဲလုပ်တယ်။ ဒါဟာ ပြည်ထောင်စုစနစ်ကိုဆန့်ကျင်တဲ့ အတွေးအခေါ်ဖြစ်တယ်။ ပြည်ထောင်စုကိုစုဖွဲ့တဲ့အခါမှာ ဗဟိုအစိုးရက ဘာမှဝင်ပြောလို့မရဘူး။ အခု တော်လှန်ရေးကာလမှာ ကျနော်တို့ ကျမတို့က လက်ရှိဒီတိုင်းတွေပေါ့နော် နောင်တစ်ချိန်မှာ ပြည်ထောင်စုအဖွဲ့ဝင်အနေနဲ့ ပါဝင်လာမယ့် လက်ရှိတော်လှန်း

ရေးကာလမှာ အစိုးရ သက်သက်မှတ်မှတ်၊ အာဏာပိုင် သက်သက်မှတ်မှတ်မရှိလို့ ကျမတို့က NUG အစိုးရပဲ ဖြစ်ဖြစ် ဘာအစိုးရပဲ ဖြစ်ဖြစ် ဝင်ရောက်ပြီး စီမံခန့်ခွဲလုပ်ဖို့လိုတယ်ဆိုရင် ကျမတို့ဆွေးနွေးရမယ် ဒီကိစ္စကို ဘာဖြစ်လို့လည်းဆိုရင် ပြည်ထောင်စုရဲ့အနှစ်သာရဖြစ်နဲ့ ပြည်နယ်တွေရဲ့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခုမကျင့်သုံးရင် အခုအဲ့ဒီမှုကို ကျမတို့မကိုင်ထားရင် ရှေ့မှာလည်း ကျမတို့ကိုင်မယ်ဆိုတာ အာမခံမရှိဘူး။ ၁၉၄၇ မှာ ကတိကဝတ်တွေနဲ့ လက်မှတ်ရေးထိုးခဲ့ကြတယ်။ နှစ်ပေါင်း (၇၀)ကျော် ပြည်တွင်းစစ်ဖြစ်တယ် မလုံလောက်လို့။ အဲဒါကို အခုကြတော့မှ ဟိုဟာလိုလိုဒီဟာလိုလို ပြောပြီးတော့ နောက်မှလုပ်မလိုလိုလုပ်တာဟာ ကျမတို့ ပြည်ထောင်စုဖြစ်ဖို့ အလားအလာမသေချာဘူး။ ပြည်နယ်ဖွဲ့စည်းပုံကိစ္စ၊ ပြည်ထောင်စုဖွဲ့စည်းပုံကိစ္စ ဒီကိစ္စနှစ်ခုလုံးဟာ ကျမတို့ဖွဲ့မလား မဖွဲ့ဘူးလား ပြည်ထောင်စုစုဖွဲ့မယ်ဆိုရင် ရှင်းရှင်းလင်းလင်းနဲ့ အတိုင်းအတာတခုတော့ ကျမတို့ တစ်ယောက်ကိုတစ်ယောက် စိတ်ချယုံကြည်လို့ရတဲ့ ကတိဝန်ခံမှုမျိုး ထိထိရောက်ရောက် အလုပ်တွဲ လုပ်လို့ရတဲ့ ယုံကြည်မှုမျိုးဖြစ်ဖို့လိုတယ်။ ပြည်ထောင်စုကို ဆန့်ကျင်တဲ့စကားတွေ ရည်ရွယ်၍ဖြစ်စေ ၊ မရည်ရွယ်ပဲဖြစ်စေ ပြောနေတာဟာ အဲ့ဒီ အစုအဖွဲ့တွေရဲ့စိတ်ထဲမှာ ဘာတွေရှိနေလဲဆိုတာ မသေချာရင်တောင် သံသယဖြစ်စေတယ်။ ဆရာဦးအောင်ထူးပြောသလိုပဲ မရှင်းမလင်းလုပ်တဲ့အခါမှာ ယုံကြည်မှုတည်ဆောက်မှာကို မတည်ဆောက်နိုင်တဲ့အပြင် ရှိထားပြီးသား အကန့်အသတ်နဲ့ ယုံကြည်မှုတောင် ပျက်ဖို့ရှိတယ်ဆိုတာကို ပြောချင်တယ်။ ဖွဲ့စည်းပုံဆိုတာ အရေးကြီးတယ်။ ဒီကိစ္စက တစ်ဦးတစ်ယောက်ချင်းစီတိုင်းက ဖြေရမယ့်ကိစ္စ ဖြစ်တယ်။

မေးခွန်း ၃။ ပြည်သူလူထုနဲ့အနီးဆုံးရှိတာမို့ ပြည်နယ်တွေရဲ့ အုပ်ချုပ်ပိုင်ခွင့် အာဏာခွဲဝေမှု အခန်းကဏ္ဍမှာ ပြည်နယ်တွေကို ပိုပြီးအပ်နှင်းထားသင့်တယ်ဆိုတဲ့ အကြောင်းအရာတွေကို ဖော်ပြထားတာဖြစ်တယ်။ သို့ပေမယ့်လို့ ကျမတို့နိုင်ငံမှာက နားလည်ထားတာ ပြည်ထောင်စုလို့ပြောလိုက်တဲ့အခါမှာ လူမျိုးကြီးဝါဒကို ဖယ်ရှားနိုင်ဖို့ဆိုရင် ပြည်နယ်တွေရဲ့ဖွဲ့စည်းပုံမှာ ဘယ်လိုအာမခံချက်မျိုးတွေ ထားရှိသင့်သလဲ။

နော်မေဦး -

အချုပ်ခြာအာဏာခွဲတဲ့ကိစ္စက ပြည်ထောင်စုရဲ့အသက်သွေးကြော ဗဟိုကျတဲ့အနှစ်သာရ ဖြစ်တယ်။ အာဏာခွဲတဲ့အကြောင်းအရင်းက ကျမဆိုရင် သင်တန်းပေးတဲ့အခါ၊ အတန်းတွေသင်ပြတဲ့အခါမှာ အမြဲတမ်းပြောတယ် ပြည်ထောင်စုစနစ်က အာဏာခွဲတယ် စနစ်တကျရှိဖို့ အာဏာကို ခွဲဝေကျင့်သုံးတဲ့အကြောင်းအရင်းက နိုင်ငံရေးသိပ္ပံရှုထောင့်ကပဲ ကြည့်ကြည့် ၊ ဥပဒေရှုထောင့်ကပဲ ကြည့်ကြည့် စီမံခန့်ခွဲတဲ့ ပညာရပ်ရှုထောင့်ကပဲ ကြည့်ကြည့် အာဏာကိုခွဲဝေကျင့်သုံးတာဟာ ပိုပြီးထိရောက်တယ်။ အာဏာဟာ တစ်နေရာထဲမှာ အစုလိုက်အပြုံလိုက်မရှိတာဟာ ပိုပြီးတော့အန္တရာယ်နည်းတယ်။

နိုင်ငံရေးသိပ္ပံရှုထောင့် မှာဆို (power correct) ကျမတို့ တောက်လျှောက်ပြောလာတာ

နိုင်ငံရေးအတွေးအခေါ်အရ ကျမတို့က အာဏာကိုခွဲသုံးတယ်။ ဒါပေမယ့် ပြည်ထောင်စုမှာ အာဏာခွဲသုံးရတဲ့အကြောင်းအရင်းက စောစောက ဆရာတို့ / ဆရာမတို့ ပြောခဲ့သလိုပဲ ကျမတို့ပြည်ထောင်စု စုဖွဲ့မှုနဲ့ဆိုင်တယ်။ အချုပ်အခြာအာဏာပိုင်တွေက စုဖွဲ့ကျတဲ့ပြည်ထောင်စုထဲမှာ အာဏာတစ်ချို့ကို ပြည်ထောင်စုတစ်ခုအတွက် အာဏာခွဲသုံးပြီးတော့ အချုပ်ခြာအာဏာပိုင်တွေက သူတို့ရဲ့ကိစ္စအဝဝကို သူတို့ဘာသာသူတို့စီမံအုပ်ချုပ်ဖို့ အာဏာတစ်ချို့ကို ယူသုံးတာဖြစ်တယ်။ ဒီလိုနားလည်တယ်ဆိုရင် ဆရာမ ဖော၀ါး အကြံပြုဆွေးနွေးသလိုပဲ ဖွဲ့စည်းပုံ အခြေခံဥပဒေလေ့လာသူတွေ၊ ပြည်ထောင်စုစနစ်ကိုလေ့လာသူတွေက သင့်တော်တယ်လို့မြင်တာက ကျမတို့ အာဏာခွဲတဲ့အခါမှာ ဘယ်သူ့အတွက် ဘယ်လိုလုပ်ဆောင်မလဲဆိုတာ စဉ်းစားတဲ့အခါမှာ ဘယ်လိုလုပ်ပိုင်ခွင့်အာဏာကို လိုသလဲပေါ့။ ဘယ်သူကလုပ်မလဲ ဘယ်အလုပ်ကိုလုပ်မှာလဲဆိုတာ ဘယ်လို လုပ်ပိုင်ခွင့်အာဏာမျိုးလိုသလဲ စဉ်းစားရတာ ပိုပြီးရှင်းလင်းတယ်။ အဲလိုစဉ်းစားတဲ့အခါမှာ လောဘလည်းနည်းမယ်။ တခါတလေ ပြည်နယ်တွေကလည်း ပြည်နယ်ရှု့ထောင့်ကြည့်ပြီးတော့ သူတို့ရဲ့အချုပ်ခြာအာဏာလို့မြင်တဲ့အခါမှာ ယူထားချင်တယ်။ တစ်ချို့လူတွေကလည်း ပြည်ထောင်စုအစိုးရမှာနေပြီးအဲဒီအာဏာကို သုံးရမယ့်ပုံစံနဲ့ညှိပြီး စကားပြောတဲ့အခါမှာ တက်နိုင်သလောက် ပြည်ထောင်စုအစိုးရအတွက်ကို ယူချင်တယ်။ ဒါပေမယ့် အခုကျမတို့ဆွေးနွေးနေတဲ့ အခင်းအကျဉ်းက ကျမတို့တည်ဆောက်မယ့်ပြည်ထောင်စု ပြည်သူလူထုအတွက်စဉ်းစားလိုက်ရင် ကျမထင်တာ ပိုပြီးသဒ္ဒါပိုကောင်းမယ်။

ပြည်နယ်မှာဘာတွေလိုသလဲ၊ သေချာတာက အချုပ်အခြာအာဏာကိုကျင့်သုံးတာ ပြည်နယ်အတွင်းကိုယ်ပိုင်ပြဌာန်းခွင့်ကို လက်တွေ့အကောင်အထည်ဖော်မှာ ပြည်နယ်နယ်နိမိတ်အတွင်း စီမံခန့်ခွဲအုပ်ချုပ်တာ၊ ဝန်ဆောင်မှုပေးတာ၊ အကောင်အထည်ဖော်ပြီးတော့ ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုတာကို လက်တွေ့လုပ်မှာဖြစ်တဲ့အတွက်ကြောင့် တစ်ဖက်က ပြည်ထောင်စုတည်ဆောက်မယ်ဆိုရင် ပြည်ထောင်စုစနစ်ထဲမှာ ဒီမိုကရေစီဆိုတာရှိတယ်။ ဒီပြည်နယ်မှာလည်းဒီအတိုင်းပဲ ဒီမိုကရေစီကိုအခြေခံပြီး အလုပ်လုပ်ရမှာဖြစ်တဲ့အခါမှာ စစတုန်းက ဆရာ ဦးအောင်ထူး ပြောသွားတဲ့ အမေရိကန်ပြည်ထောင်စုမှာဆိုရင် မဏ္ဍိုင်ကြီး (၃) ခုနဲ့ အာဏာကိုခွဲဝေကျင့်သုံးပြီးတော့ ပြည်နယ်ကိစ္စအဝဝကို ပြည်နယ်သူပြည်နယ်သားက သူတို့ရဲ့ အချုပ်ခြာအာဏာကို အစိုးရဖွဲ့ပြီးတော့ ကျင့်သုံးစေမှာဖြစ်တယ်။ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာ ဒါတွေကို ပြည်နယ်က ပြည်နယ်အတိုင်းအတာနဲ့ လုပ်နိုင်ဖို့လိုတယ်။ အဲဒါတွေကိုဘယ်လိုလုပ်မလဲဆိုတာ ပြည်နယ်ဖွဲ့စည်းပုံမှာ ပြောမှာဖြစ်တယ်။ ပြည်နယ်အုပ်ချုပ်ရေးကိစ္စ၊ ဝန်ကြီးချုပ်စနစ်နဲ့သွားမလား၊ ပြည်နယ်အကြီးအကဲ အမေရိကန်ပြည်ထောင်စုဆိုရင် (governor) တစ်ချို့ပြည်နယ်တွေဆို (Minister) အခေါ်အဝေါ် ဘယ်လိုရှိမလဲဆိုတာတော့ ကျမမပြောတတ်ဘူး။ သို့သော် ကျမတို့ ဘယ်လိုပုံစံမျိုးနဲ့သွားမလဲဆိုတာ ဒီပြည်နယ်အတွင်းက ပြည်သူလူထုက ရွေးချယ်မှာဖြစ်တယ်။ ဒီကိစ္စအဝဝက ပြည်နယ်ဖွဲ့စည်းပုံထဲပါမယ်။ အဲတော့ ပြည်နယ်ဖွဲ့စည်းပုံမှာ အုပ်ချုပ်ရေးကိစ္စ၊ တရားစီရင်ရေးကိစ္စ၊ ဥပဒေပြုရေးကိစ္စအဓိကစဉ်းစားမယ်။

အဲလို စဉ်းစားပြီးတော့မှ ပြည်ထောင်စုစနစ်ကို သူ့စနစ်ရဲ့အနှစ်သာရကို ပြည်နယ်တစ်ခု ချင်းစီမှာ

အကောင်အထည်ဖော်ဖို့ ကျမတို့ရဲ့အတွေ့အကြုံအရဆိုရင် ၂၀၀၈ ဖွဲ့စည်းပုံပဲဖြစ်ဖြစ် အရင်က ၄၇ ဖွဲ့စည်းပုံမှာပဲဖြစ်ဖြစ် ဇယားသစ်(၁) ဇယား(၂) ဆိုပြီး ဇယားတွေခွဲပြီးတော့ ဗဟိုအစိုးရလုပ်ပိုင်ခွင့်၊ ပြည်နယ်အစိုးရ

> **အခုတည်ဆောက်မယ့် ပြည်ထောင်စုအသစ်ထဲမှာ ပြည်နယ်တွေရဲ့လုပ်ပိုင်ခွင့်၊ သူတို့ရဲ့အချုပ်အခြာအာဏာကို ပြည်နယ်သူပြည်နယ်သားတွေက သေသေချာချာစဉ်းစားပြီးတော့ ပြည်နယ်တစ်ခုစီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ဖို့ဆိုတဲ့အခါမှာ ဒီအချုပ်အခြာအာဏာကို နိုင်ငံရေးစုဖွဲ့မှု၊ ဒီမိုကရေစီရဲ့အနှစ်သာရအတိုင်း အာဏာပိုင်းခြားပြီးတော့သုံးတဲ့အခါမှာ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးအာဏာ ပြည်နယ်ဖွဲ့စည်းပုံမှာ ပြဋ္ဌာန်းပြီးတော့ အကောင်အထည်ဖော်သွားဖို့ပါ။ ပြည်နယ်အတွင်းမှာ ထိထိရောက်ရောက်လုပ်ဆောင်ဖို့ ပြည်နယ်ဖွဲ့စည်းပုံမှာ ထည့်သွင်းပြဋ္ဌာန်းထားဖို့ လိုပါတယ်။**

လုပ်ပိုင်ခွင့်ဆိုပြီး ပေးထားပေမယ့်လည်း တစ်ဖက်ကလည်း ချိန္နောင်ထားတဲ့ ပြဋ္ဌာန်းချက်တွေရှိတယ်။ ပြည်နယ်အတွက် ပေးထားတဲ့ဇယားဟာ သေသေချာချာအသက်ဝင်မှုရှိရဲ့လား၊ ဇယားမှာပါတဲ့ လုပ်ပိုင်ခွင့်အာဏာတွေကို ပြည်နယ်တွေကိုယ်၌က မသုံးခဲ့တာတွေရှိတယ်။ ဒါပေမယ့် အဲလို့မလုပ်ခဲ့တဲ့အပေါ်မှာ ကျမတို့ရဲ့ ပြည်ထောင်စုကြီး ဖြစ်မလာတာကို တွေ့ရမယ်။

ဆရာ ဦးအောင်ထူးပြောသလိုပဲ တရားစီရင်ရေးကိစ္စက အင်မတန်အရေးကြီးတယ်။ ပြည်ထောင်စုတည်တံ့ခိုင်မြဲဖို့အတွက်၊ တိုးတတ်အောင်မြင်ဖို့အတွက်၊ ပြည်နယ်တစ်ခုစီရဲ့ လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ဟာ ပြည်နယ်တွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖြစ်တယ်။ ပြည်နယ်ဖွဲ့စည်းပုံအရ၊ ပြည်နယ်တွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်အညီ တရားစီရင်ရေးကိုဆောင်ရွက်တဲ့အခါမှာ ပြည်နယ်မှာ အမြင့်ဆုံးဖြစ်တဲ့ တရားရုံးကဆုံးဖြတ်လိုက်ရင် ဒီမှာပဲဒီကိစ္စပြီးတာမျိုးဖြစ်ရမယ်။ ပြည်ထောင်စုအနှစ်သာရကို ပြည်နယ်တစ်ခုစီက ဖော်ဆောင်မှသာ ပြည်ထောင်စုဆိုတာကြီးက အကောင်အထည်ပေါ်လာမှာဖြစ်တယ်။

မေးခွန်း ၄။ လက်ရှိတော်လှန်ရေးကာလမှာ တော်လှန်ရေးအရှေ့မြန်ဆန်အောင် ဘယ်လိုလုပ်ဆောင်သင့်သလဲ။ တော်လှန်ရေးအရှေ့လို့ပြောတဲ့အခါမှာ စစ်အာဏာရှင်စနစ် အမြန်ပြုတ်ကျနိုင်ဖို့အတွက်ကို အရင်လုပ်ရမယ် ဖက်ဒရယ်ဆိုတာနောက်မှပြော အဲလိုပဲ NLD လက်ထပ်မှာဆိုရင်လည်း ဒီမိုကရေစီ နည်းကျအောင် အရင်လုပ်မယ် ပြီးမှ ဖက်ဒရယ်ဆိုတာနောက်မှပြောဆိုတဲ့ အယူအဆတွေက အများကြီးရှိနေတဲ့အပေါ်မှာ ဆရာမ နော်မေဦးကော ဆရာမ နော်ဖောဝါး အနေနဲ့ရော ဘယ်လိုသုံးသပ်ချက်မျိုး မှတ်ချက်မျိုး ပေးချင်သလဲဆိုတာ မှတ်ချက်ပေးဖို့ ဖိတ်ခေါ်လိုပါတယ်။

နော်မေဦး -

တိုတိုတုတ်တုတ်ပေါ့လေး ကျမတို့ အာဏာရှင်ကိုတိုက်မယ်လို့ပြောတဲ့အခါမှာ တိုက်ဖို့အတွက် အင်အားစုတယ်၊ ကိုယ်ဟာကိုတိုက်ကြဆိုရင် ကိုယ်ကိုကိုယ်လုပ်ရင်တော့လည်း လုပ်ကြပေါ့။ ဒါပေမယ့် ကျမတို့က အင်အားစုစည်းပြီး ဒီအာဏာရှင်စနစ်ကို ဖြိုဖျက်မယ် ဖြိုဖျက်ရတဲ့အကြောင်းရင်းက လက်ရှိ အာဏာရလူတွေကို အမြင်ကပ်ရိုးသက်သက်တော့မဟုတ်ဘူး။ ကျမတို့လိုချင်တဲ့အနာဂတ်ကို တည်ဆောက်

> လက်ရှိအာဏာရှင်ကို ဖြိုဖို့လိုတယ်။ နောင်အနာဂတ်မှာလည်း အာဏာရှင်ထက်မပေါ်လာဖို့ မတူညီတဲ့အခင်းအကျင်းကို တည်ဆောက်နိုင်ဖို့လိုတယ်ဆိုရင် အင်အားစုစည်းဖို့လိုပါတယ်။ စုစည်းတဲ့အခါကြရင်တော့ လက်ရှိပြဿနာကို ဘယ်လိုသုံးသပ်သလဲဆိုတာ ညှိဖို့လိုတယ်။ ပြောကြဖို့လိုတယ်။ သုံးသပ်တဲ့အပေါ်မှာ ဘာကိုတိုက်မလဲဆိုတာ ကျမတို့အားလုံး ဆုံးဖြတ်ဖို့လိုတယ်။ လူတစ်ယောက် လူတစ်ဖွဲ့က ဆုံးဖြတ်ပြီးတော့ အားလုံးကိုတိုက်ခိုင်းတဲ့ကိစ္စက ဒါပြည်ထောင်စုတည်ဆောက်ဖို့ လမ်းကြောင်းမဟုတ်ဘူးလို့ ကျမမြင်တယ်။ ကျေးဇူးတင်ပါတယ်။

ဖို့အတွက် ဖြစ်တယ်လို့ယူဆရင် စုစည်းရမယ်။ စုစည်းတဲ့အခါမှာ ဒီစစ်တပ်ကိုလာတိုက်ကြ ပြီးရင် မင်းတို့လိုချင်တာတွေပြောကြမယ် ဆွေးနွေးကြမယ်ဆိုတာမျိုးနဲ့တော့ စုစည်းလို့မရဘူးလို့ထင်တယ်။ ကျမကိုလည်း အဲလိုလာစုလို့မရဘူး။ အဲလိုပဲ တစ်ခြားလူတွေကိုလည်း စုလို့ရမှာမဟုတ်ဘူး။ ကျမတို့က လက်ရှိအာဏာရှင်ကိုလည်း ပြိုအောင်မတိုက်နိုင်ဘူး။ လိုချင်တဲ့အနာဂတ်ကိုလည်း မတည်ဆောက်နိုင်ဘူး။

WWW.WOMENOFBURMA.ORG